# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက် | ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ(၆၅)၊ အမှတ်(၂၇၃)


**ယနေ့ သ တင်း အ ညွှန်း**

**အိမ်နီးချင်း မိတ်ဆွေကောင်းမှ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများ အဖြစ်သို့**

ဆောင်းပါး စာ ၈

**ကမ္ဘာမြေ ငြိမ်းချမ်းဖို့ သမဝါယမများက ဝန်းရံရစို့**

ဆောင်းပါး စာ ၁၂

**ယနေ့ မိုးလေဝသ**

၅-၇-၂၀၂၆

နေပြည်တော်

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေး

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယင်ကျန်းမြို့ရှိ လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်း Phonthong Handicrafts Cooperation and Cama Crafts မှ ထုတ်လုပ်ထားသည့် ချည်ထည်ပစ္စည်းများကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယင်ကျန်းမြို့ရှိ လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်း Phonthong Handicrafts Cooperation and Cama Crafts နှင့် Patuxai (Victory Gate) သို့သွားရောက်လေ့လာ

နေပြည်တော် ဇူလိုင် ၄

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်း Phonthong Handicrafts Cooperation and Cama Crafts သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ◆

## ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) စတုတ္ထအကြိမ် စုပေါင်းသွေးလှူ



ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)၏ စတုတ္ထအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်း ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဆရာ ဆရာမနှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူ ၁၄၇ ဦးတို့က စုပေါင်း သွေးလှူဒါန်းခဲ့သည်။

အခမ်းအနားသို့ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ ဆရာမများ၊

စာမျက်နှာ ၂ ကော်လံ ၃ ✻

## ကျောက်မဲမြို့တွင်းလမ်းမကြီးများ၌ ဆိုလာလမ်းမီးတိုင် ၄၀၀ တပ်ဆင်ပြီးစီး


ကျောက်မဲ ဇူလိုင် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ပေါ်၌ ညအချိန်လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် လမ်းမကြီးများတစ်လျှောက် လမ်းမီးတိုင်များတွင် ဆိုလာမီး စုစုပေါင်း အလုံး ၄၀၀ ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စနစ်တကျ တပ်ဆင်ပေးခဲ့သည်။ ယင်းကဲ့သို့ ပြည်သူ့အကျိုးပြု ဆိုလာလမ်းမီးတိုင်များ တပ်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ငွေးကြွယ်က ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ စနစ်တကျ ကွင်းဆင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ခရိုင်(ပြန်/ဆက်)



၅-၇-၂၀၂၆ ရက်နေ့မှ ၁၂-၇-၂၀၂၆ ရက်နေ့အတွင်း မိုးလေဝသ သချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ





## လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီး၊ ရေလျှံမှုများ ကြိုတင်သတိပြုနိုင်

နေပြည်တော် ဇူလိုင် ၄

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း - အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင်

စာမျက်နှာ ၂ ကော်လံ ၃ ❖




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယင်ကျန်းမြို့ရှိ ထက်လွမ်စေတီတော်အား ဖူးမြော်ကြည်ညိုစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယင်ကျန်းမြို့ရှိ ထက်လွမ်စေတီတော်သို့ သွားရောက်ဖူးမြော်

နေပြည်တော် ဇူလိုင် ၄

**လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထက်လွမ်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။**

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သော မြန်မာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ သည် ထက်လွမ်ဘုရားသို့ရောက်ရှိ ကြရာ တာဝန်ရှိသူများက လာအို ရိုးရာ၊ အတီးအမှုတ်များဖြင့် နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြ ပြီး နိုင်ငံတော်သမ္မတနှင့်ဇနီး တို့က ထက်လွမ်စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီး၊ သောက်တော်ရေချမ်း၊ သစ်သီးနှင့် ပန်းမန်များ ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စေတီတော်ကြီး စောင်းတန်းအတွင်းရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များနှင့် စေတီတော်ကြီး စတင်တည်ထားစဉ်အချိန်မှ ခေတ်အဆက်ဆက် ပြုပြင် ထိန်းသိမ်းခဲ့မှု မှတ်တမ်းပန်းချီများ ကို ကြည့်ရှုကြရာ တာဝန်ရှိသူများ က လိုက်လံရှင်းလင်းတင်ပြကြ သည်။

ယင်းနောက် နိုင်ငံတော် သမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များ သည် စေတီတော်ကြီးရှေ့၌ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြ သည်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ ထက်လွမ်စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီး၊ သောက်တော်ရေချမ်း၊ သစ်သီးနှင့် ပန်းမန်များ ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုစဉ်။

**ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို**

ဆက်လက်၍ နိုင်ငံတော် သမ္မတက ထက်လွမ်စေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ် တွင် မှတ်တမ်းတင်လက်မှတ် ရေးထိုးသည်။ ထို့နောက် နိုင်ငံတော် သမ္မတနှင့် ဇနီးတို့သည် ထက်လွမ် ဘုရားဝင်းအတွင်းရှိ ဓမ္မခန်းမသို့ ရောက်ရှိကြပြီး ခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော် ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီး များ ကပ်လှူပူဇော်ကြသည်။

**ပိဋကတ်သုံးပုံစာအုပ်များ လှူဒါန်း**

ယင်းနောက် လာအိုဗုဒ္ဓ ဘာသာအသင်းဗဟို၏ ဥက္ကဋ္ဌနှင့် လာအိုနိုင်ငံ သံဃရာဇာ ဆရာ တော် Maha Ahjan Yai Mahaved Menenai၊ လာအိုနိုင်ငံမှ သက်တော် (၁၀၆)နှစ်ရှိ သက်တော်ရှည် ဆရာ တော် Most Ven. Noi Sangvalo တို့အား ဖူးမြော်ကြည်ညိုကြပြီး ပိဋကတ်သုံးပုံစာအုပ်များ၊ လှူဖွယ် ဝတ္ထုပစ္စည်းများနှင့် အလှူငွေများ ကို ဆက်ကပ်လှူဒါန်းရာ ဆရာ တော်ကြီးက ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်၍ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များက

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ လာအိုဗုဒ္ဓဘာသာအသင်းဗဟို၏ ဥက္ကဋ္ဌနှင့် လာအိုနိုင်ငံ သံဃရာဇာဆရာတော် Maha Ahjan Yai Mahaved Menenai ၊ လာအိုနိုင်ငံမှ သက်တော် (၁၀၆)နှစ်ရှိ သက်တော်ရှည်ဆရာတော် Most Ven. Noi Sangvalo တို့အား ဖူးမြော်ကြည်ညိုကြပြီး ပိဋကတ်သုံးပုံစာအုပ်များနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူအား ဆက်ကပ်လှူဒါန်းစဉ်။

◆ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် လာအိုအသေးစား၊ အငယ်စား စက်မှုလုပ်ငန်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ချည်ထည်နှင့် ပိုးထည်များ ကြည့်ရှုလေ့လာ**

ထို့နောက် နိုင်ငံတော်သမ္မတသည်လာအိုအသေးစား၊အငယ်စား စက်မှုလုပ်ငန်းမှ ထုတ်လုပ်ထားသည့် ချည်ထည်များနှင့် ပိုးထည်များကို ကြည့်ရှုပြီး လာအိုရိုးရာ သဘာဝအသီးများမှ ဆပ်ပြာ ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတက လာအိုရိုးရာ သဘာဝဆပ်ပြာ ပြုလုပ်ရန် ထုတ်လုပ်ထားသည့် ဆပ်ပြာဆီများအား ပုံစံခွက်အတွင်းသို့ ပုံလောင်းပေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ ပိုးထည်များ ထုတ်လုပ်မှုနှင့် နိုင်ငံတကာပြိုင်ပွဲများတွင်ဆုရရှိမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပြီး ပိုးများမွေးမြူထားရှိမှုနှင့် ချည်များ ထုတ်လုပ်မှု၊ ချည်ဆေးဆိုးခြင်းနှင့် ပိုးထည်များကို ရိုးရာရက်ကန်းစင်များဖြင့် ရက်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုလေ့လာကြကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံ နိုင်ငံတော်သမ္မတ ပုံလောင်းထည့်ပေးထားသည့် လာအိုရိုးရာ သဘာဝဆပ်ပြာအား လက်ဆောင်အဖြစ်ပေးအပ်ပြီး နိုင်ငံတော်သမ္မတက လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်း Phonthong Handicrafts Cooperation and Cama Crafts ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ် ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်းမှ တာဝန်ရှိသူတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုရိုးရာ သဘာဝဆပ်ပြာ ထုတ်လုပ်မှုကို ကြည့်ရှုလေ့လာစဉ်။

အဆိုပါ လာအိုအသေးစား၊ အလတ်စားစက်မှုလုပ်ငန်း Phontong Handicrafts Cooperation and Cama Crafts သည် လာအိုကျေးလက်နေ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မြှင့်တင်၍ လာအိုရိုးရာ လက်မှုပညာများကို ပြန်လည်ဖော်ထုတ် ထိန်းသိမ်းမှုအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးရန်ဖြစ်သည့်အပြင် လက်မှုပညာဆိုင်ရာ သင်တန်းများဖွင့်လှစ်ပေးခြင်းနှင့် ဈေးကွက်အခွင့်အလမ်းများ ရှာဖွေပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်း၏ မျှော်မှန်းချက်မှာ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် ၎င်းတို့နှင့် ဆက်စပ်သည့် လူမှုအသိုင်းအဝိုင်းများတွင် ပတ်ဝန်းကျင်နှင့်ယဉ်ကျေးမှုအရ သင့်လျော်ကိုက်ညီသော လုပ်ထုံးလုပ်နည်းများကို မြှင့်တင်ပေးရန်ဖြစ်ကြောင်း၊ Phontong Handicraft Cooperative (PHC) ကို ၁၉၇၆ ခုနှစ်တွင် ဗီယင်ကျန်းမြို့ရှိ ဖွန်ထုံကျေးရွာတွင် နေထိုင်သော အမျိုးသမီး ၁၀ ဦးက ၎င်းတို့ ထုတ်လုပ်သည့် လက်မှုပစ္စည်းများကို စုပေါင်းရောင်းချနိုင်ရန် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပိုးထည်များကို ရိုးရာရက်ကန်းစင်များဖြင့် ရက်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုလေ့လာစဉ်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဗီယင်ကျန်းမြို့ရှိ Patuxai (Victory Gate) သို့သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆက်လက်၍ Patuxai (Victory Gate) ၌ လှည့်လည်ကြည့်ရှုလေ့လာကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် Patuxai (Victory Gate) ရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။


အဆိုပါ ဗီယင်ကျန်းမြို့တွင် တည်ရှိသော Patuxai (Victory Gate) သည် နိုင်ငံ၏ အထင်ကရ အထိမ်းအမှတ် အဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ အဆိုပါ Patuxai (Victory Gate) ကို ၁၉၅၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း၊ Patuxai (Victory Gate) သည် လာအိုနိုင်ငံ၏ လွတ်လပ်ရေးနှင့် နိုင်ငံအတွက် အသက်ပေးခဲ့သော စစ်သည်များကို ဂုဏ်ပြုရန် တည်ဆောက်ထားခြင်းဖြစ်ပြီး အဆောက်အအုံ၏ ဒီဇိုင်းမှာပြင်သစ်နိုင်ငံ၏ Arc de Triomphe မှ ယူထားသော်လည်း လာအိုရိုးရာ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူအနုပညာလက်ရာများဖြင့် အလှဆင်ထားခြင်းဖြစ်ကြောင်း၊ Patuxai (Victory Gate) အတွင်းနံရံများနှင့် မျက်နှာကြက်များတွင် နတ်သမီး၊ ကင်းနရီနှင့် ပန်းနွယ်အလှဆင်ပန်းပုလက်ရာများကို မြင်တွေ့နိုင်ပြီး အပေါ်ဆုံးရှုခင်းကြည့်စင်မှ Vientiane မြို့၏ မြင်ကွင်းကျယ်ကို ကြည့်ရှုနိုင်သဖြင့် ပြည်တွင်းပြည်ပခရီးသွားများ အများဆုံးလာရောက်လည်ပတ်သည့် နေရာတစ်ခုလည်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပိုးထည်များ ထုတ်လုပ်မှု၊ ပိုးများမွေးမြူထားရှိမှုနှင့် ချည်များ ထုတ်လုပ်မှုကို ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယင်ကျန်းမြို့ရှိ Patuxai (Victory Gate)အား ကြည့်ရှုလေ့လာစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လာအို-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဆေနမတ် မွန်ထရီ ချန်ထာဝုန် လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအို-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဆေနမတ် မွန်ထရီ ချန်ထာဝုန်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ လာအို-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ လာရောက်ဂါရဝပြု တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၄**

လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ယနေ့ မွန်းလွဲပိုင်းတွင် လာအို-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဆေနမတ်မွန်ထရီ ချန်ထာဝုန် က လာရောက် ဂါရဝပြု တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူခရီးစဉ်တွင် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ မြန်မာ-လာအို ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံ ဆက်ဆံရေးအတွက် ချစ်ကြည်ရေးအသင်းများ၏ အခန်းကဏ္ဍသည် အဓိကကျပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်နိုင်ရန် အတွက် နိုင်ငံတော်အစိုးရနှစ်ရပ်မှ ဆောင်ရွက်လျက်ရှိသကဲ့သို့ လာအို-မြန်မာ ချစ်ကြည်ရေးအသင်းနှင့် မြန်မာ-လာအို ချစ်ကြည်ရေးအသင်းတို့အနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မှုအခြေအနေများ၊ မြန်မာ-လာအို ချစ်ကြည်ရေးတံတားမှတစ်ဆင့် အပြန်အလှန် ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ဆောင်ရွက်ပြီး နယ်စပ်ဒေသနေ ပြည်သူများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ချစ်ကြည်ရေးအသင်းများမှ ဆောင်ရွက်နိုင်မှုအခြေအနေများ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု လုပ်ငန်းစဉ်များတွင် လူငယ်များပါဝင်နိုင်မှု အခန်းကဏ္ဍကိုမြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများ၊ ဘာသာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသည့် အခန်းကဏ္ဍများကို အခြေခံ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်သည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် လာအို-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၃ မှ*

ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် တစ်ဆူ လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ထက်လွမ်ဘုရားဝင်းအတွင်းရှိ ဓမ္မခန်းမ၌ အပူဇော်ခံထားရှိရန်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနှင့် မာရဝိဇယဘုရားကြီး၏ တည်ဆောက်ခဲ့မှု မှတ်တမ်းစာအုပ်အား ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းခဲ့သည်။

**စည်ကားများပြား**

အဆိုပါ ထက်လွမ်စေတီတော်အား ၁၃ ရာစုအစောပိုင်းတွင် King Jayavamon VI က ဦးဆောင်၍ တည်ထားခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်ပြည်တွင် ပညာသင်ယူ၍ ပြန်လည်ရောက်ရှိလာသည့် သံဃာတော်ငါးပါးမှ ဗုဒ္ဓ၏ ညှပ်ရိုးတော် အောက်ပိုင်းကို ကိုးကွယ်ပူဇော်ရန် ပင့်ဆောင်လာခဲ့ပြီး ဌာပနာအဖြစ်ထားရှိကာ တည်ထားခဲ့ခြင်း ဖြစ်ကြောင်း၊ မူလစေတီတော်မှာ လိုဏ်ဂူပုံစံဖြစ်သော်လည်း ခရစ်နှစ် ၁၅၆၇ ပြည့်နှစ်တွင် စိုင်ဆက်ထာထီလတ်ဘုရင်သည် လွှန်ပရာဘန်မြို့မှ ဗီယင်ကျန်းမြို့သို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် ပထမစေတီတော်အားငုံ၍ စေတီထပ်မံတည်ထားခဲ့ခြင်းဖြစ်ကြောင်း၊ လာအိုဘာသာဖြင့် ထက်လွမ်စေတီ(That Luang Stupa) ဟုခေါ်ဆိုပြီး "အဓိပ္ပာယ်မှာ ကြီးများသော စေတီတော်" ဟူ၍ဖြစ်ကြောင်း၊ လာအိုဘုရင်အဆက်ဆက် ကိုးကွယ်ကာ သမိုင်းအစဉ်အလာကြီးမားသည့် စေတီတော်ကြီးဖြစ်ကြောင်း၊ လာအိုနိုင်ငံ၏ နိုင်ငံတော်တံဆိပ်တွင် ထက်လွမ်စေတီတော်၏ ပုံတော်ကို ထည့်သွင်းထားရှိသည်ကို တွေ့ရှိရကြောင်း၊ ထက်လွမ်ဘုရားပွဲတော်အား နှစ်စဉ် လာအိုဘာသာဖြင့် ဖကျိုလ၊ လပြည့်နေ့(မြန်မာတန်ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပပြုလုပ်ပြီး တစ်နိုင်ငံလုံးမှ ဘုရားဖူးပြည်သူများနှင့် စည်ကားများပြားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး လာအိုနိုင်ငံ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇူလိုင် ၄**

လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့တွင် လာအိုနိုင်ငံ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီး Mr. Phoxay Sayasone နှင့် အဆိုပါဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် လာအိုနိုင်ငံတွင် ရောက်ရှိနေသော အထောက်အထားမဲ့ မြန်မာအလုပ်သမားများအတွက် Certificate of Identity ထုတ်ပေးရေးကိစ္စ၊ အလုပ်သမားများ ရသင့်ရထိုက်သော အခွင့်အရေးများနှင့် အကာအကွယ်များရရှိစေရန် နှစ်နိုင်ငံဝန်ကြီးဌာနများအကြား ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံဝန်ကြီးဌာန နှစ်ခုအကြား လက်မှတ်ရေးထိုးထားသော နားလည်မှုစာချွန်လွှာပါ သဘောတူညီမှုများအရ အလုပ်သမားများကို ကာကွယ်စောင့်ရှောက်မှုများ ပေးအပ်ရေးကိစ္စနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ ကျင်းပရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၄**

ဇူလိုင် ၅ ရက်တွင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ဇူလိုင် ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၄**

လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့ညနေပိုင်းတွင် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ သံရုံး၊ စစ်သံရုံး မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံး မိသားစုများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ယခုကဲ့သို့ သံရုံး၊ စစ်သံရုံး မိသားစုဝင်များနှင့် တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ မိမိအနေဖြင့် လာအိုနိုင်ငံသို့ ယခုလာရောက်ခဲ့သည့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သည် မိမိအနေဖြင့် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း အာဆီယံနိုင်ငံများထဲတွင် ပထမဆုံး လာရောက်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းကောင်းနိုင်ငံ၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် အစဉ်အလာရှိသည့် ဆက်ဆံရေး ကောင်းမွန်မှုကို အမြဲထိန်းသိမ်းနိုင်ကြမည့် နိုင်ငံများဖြစ်ကြကြောင်း။

ယခုအခါ လာအိုနိုင်ငံသည် ယခင်ကထက် များစွာဖွံ့ဖြိုးတိုးတက် ပြောင်းလဲလာသည်ကို တွေ့ရကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှုရှိပြီး စီးပွားရေးတိုးတက်အောင်လည်း ဆောင်ရွက်လာနိုင်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် ဆက်ဆံရေး အထူးကောင်းမွန်လျက်ရှိပြီးသံရုံး၊ စစ်သံရုံးတို့တွင် တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်နေချိန်တွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် အဆင့်မြှင့်တင် နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံအကြား နိုင်ငံ့အကြီးအကဲများ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ခြင်းများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ယခုအခါပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထမ်းဆောင်ခဲ့ရကြောင်း၊ သို့သော် တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခင်ဒီမိုကရေစီအစိုးရသက်တမ်းကာလနှစ်ခုတွင်လည်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

ယခုအခါ မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ပြည်သူများမှ ရွေးချယ်သည့် ရွေးကောက်ခံ ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကျင်းပ၍ ယခုအခါ ရွေးချယ်ခံအစိုးရအဖွဲ့မှ နိုင်ငံတော်တာဝန်များကို အရှိန်အဟုန်ဖြင့် ထမ်းဆောင်နေပြီဖြစ်ကြောင်း၊ သို့သော် အချို့နိုင်ငံများအနေဖြင့် ၎င်းတို့အကျိုးစီးပွားကို ထိခိုက်မည်ကို စိုးရိမ်သောကြောင့် မိမိတို့နိုင်ငံတွင် ပြည်သူများက ရွေးချယ်ထားသည့် အစိုးရမှ နိုင်ငံတော်တာဝန် ထမ်းဆောင်နေမှုကို လက်မခံလိုကြကြောင်း၊ သို့သော် မိမိတို့အစိုးရအနေဖြင့် အခက်အခဲများကြားမှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အာဆီယံနိုင်ငံများအထဲတွင် လာအိုနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကိုလက်ခံသဖြင့် မိမိကို၎င်းတို့နိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံအဖွဲ့အတွင်း သဘောတူညီမှုများကို မိတ်ဝတ်မပျက် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများကို အားလုံးက သိရှိကြရန်လိုကြောင်း၊ လာအိုနိုင်ငံသို့အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မိမိတို့နိုင်ငံသားများကိုလည်း တတ်နိုင်သရွေ့ စောင့်ရှောက်ပေးသွားကြရန်နှင့် စည်းစည်းလုံးလုံး နေထိုင်သွားကြရန် မှာကြားလိုကြောင်း၊ လာအိုနိုင်ငံတွင် လာရောက်တာဝန်ထမ်းဆောင်လျက်ရှိသည့် သံရုံး၊ စစ်သံရုံးမိသားစုများအနေဖြင့် ပြည်ပနိုင်ငံသို့ ရောက်ရှိနေချိန်အတွင်း ရရှိသည့်အားလပ်ချိန်များ၌ အင်္ဂလိပ်စာ၊ AI နည်းပညာနှင့် ကွန်ပျူတာနည်းပညာပိုင်းဆိုင်ရာများကို တစ်ဦးချင်းလေ့လာဆောင်ရွက်သွားကြရန် လိုကြောင်း၊ နောင်တစ်ချိန်တွင် တိုင်းပြည်အတွက် စွမ်းဆောင်နိုင်သူများဖြစ်ရန် မျှော်လင့်ကြောင်း။

လာအိုနိုင်ငံတွင် လာရောက်၍ ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် သင်တန်းသားအရာရှိများအနေဖြင့်လည်း မိမိတို့ဘာသာစကားတွင် အသုံးပြုလျက်ရှိသည့် ဗျည်းနှင့် သရများ၏ အားသာချက်ကိုအသုံးချ၍ လာအိုဘာသာစကားကို နားလည်တတ်ကျွမ်းအောင် သင်ယူသွားကြစေလိုကြောင်း၊ မည်သည့်ဘာသာစကားကို တတ်ကျွမ်းသည်ဖြစ်စေ မိမိတို့ဘဝအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် ကြိုးစားသင်ယူကြစေလိုကြောင်း မှာကြားပြီး လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ သံအမတ်ကြီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) နှင့် ပညာတော်သင် သင်တန်းသားများက လက်ခံရယူကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက သံရုံးရှိဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံး အဆောက်အအုံသစ်တည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ထို့နောက် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ရုံးသို့ ရောက်ရှိကြရာ စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတသည် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကချင်ပြည်နယ်ဝန်ကြီးချုပ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်



**မြစ်ကြီးနား ဇူလိုင် ၄**

၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီက မြစ်ကြီးနားမြို့အထွက် ရွှေဘို-မြစ်ကြီးနား ကားလမ်းဘေးဝဲ/ ယာ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာများနှင့် ပြည်သူများသည် စိန်ပန်း၊ ပျဉ်းကတိုးစသည့် ပျိုးပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်



**နေပြည်တော် ဇူလိုင် ၄**

၂၀၂၆ခုနှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲများကို ဇွန် ၂၅ ရက်မှ စတင်ကျင်းပလျက်ရှိရာ တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ကျင်းပသည်။

အဆိုပါ ဗိုလ်လုပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဦးနေမျိုးလှိုင်နှင့် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများ၊ အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် မြစ်ကြီးနားဇုန်အသင်းနှင့် မော်လမြိုင်ဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပွဲအပြီးတွင် မြစ်ကြီးနားဇုန်အသင်းက မော်လမြိုင်ဇုန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကိုကျင်းပရာ နေရာအလိုက် တစ်ဦးချင်း အကောင်းဆုံးအားကစားသမားဆုများကို ညွှန်ကြားရေးမှူးချုပ်များက ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ တတိယဆုရရှိသည့် ပုသိမ်ဇုန်အသင်းကို ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ ဒုတိယဆုရရှိသည့် မော်လမြိုင်ဇုန်အသင်းကို ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပထမဆုရရှိသည့် မြစ်ကြီးနားဇုန်အသင်းကို ပြည်ထောင်စုဝန်ကြီးက တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုများနှင့် တံခွန်စိုက်ဆုဖလားကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ




**နေပြည်တော် ဇူလိုင် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဥတ္တရသီရိမြို့နယ် ငလိုက်ရေလှောင်တမံ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းနှင့် မဟော်ဂနီပင်များကို စိုက်ပျိုးကြပြီး ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးမှုကို ကြည့်ရှုအားပေးကြသည်။

ယမန်နေ့နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရုံးအမှတ် ၄၃ ၌ မြေပြန့်ကော်ဖီပင်များကို ဝန်ထမ်းများနှင့်အတူ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့နှင့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အခမ်းအနား တက်ရောက်

**နေပြည်တော် ဇူလိုင် ၄**

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့နှင့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ရုံးအမှတ်(၁၆)၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည်။



အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ သက်ဆိုင်ရာဌာနများမှ ဖိတ်ကြားထားသူများ၊ ပညာရှင်များ၊ သမဝါယမအသင်းစုချုပ်များ၊ လုပ်ငန်းရှင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့နှင့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်က ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။

ထို့နောက် ဗဟိုသမဝါယမအသင်း လီမိတက်အသင်းဝင် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းစု ဒါရိုက်တာ ဒေါ်သဥ္ဇာဝင်းက အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်က ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ယင်းနောက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနမှ ပေးပို့သော သဝဏ်လွှာဝမ်းမြောက်စကား Record Video ကို ပြသပြီး ကျေးလက်ဖွံ့ဖြိုးရေး အကောင်အထည်ဖော် ဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုအား ပြသသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ဦးမင်းနောင်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ် စွမ်းဆောင်ရည် အကောင်းဆုံး တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမအသင်းစုချုပ်ဆု၊ စွမ်းဆောင်ရည်အကောင်းဆုံး မြို့နယ် သမဝါယမအသင်းစုဆု၊ ကုန်ထုတ်လုပ်ငန်းများ အကောင်းဆုံး စွမ်းဆောင်နိုင်သည့် အခြေခံသမဝါယမအသင်းဆု၊ ကုန်သွယ်မှုလုပ်ငန်းများ အကောင်းဆုံး စွမ်းဆောင်နိုင်သည့် အခြေခံသမဝါယမအသင်းဆု၊ ဝန်ဆောင်မှုလုပ်ငန်းများ အကောင်းဆုံး စွမ်းဆောင်နိုင်သည့် အခြေခံသမဝါယမအသင်းဆု၊ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ်အဖြစ် ကျေးလက်ဖွံ့ဖြိုးရေးဘက်စုံထူးချွန်ဆု၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုဆု၊ ကျေးရွာပတ်ဝန်းကျင်စီမံခန့်ခွဲမှုစံပြဆု၊ ကျေးလက်ရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုဆုများကို ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများနှင့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ် တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းများ၏ ထုတ်ကုန်ပစ္စည်းများ၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်း အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းများ၏ အရောင်းပြခန်းများကို ဇူလိုင် ၃ ရက်မှ ၅ ရက်အထိ ဖွင့်လှစ် ရောင်းချပေးသွားမည်ဖြစ်ပြီး မည်သူမဆို လာရောက်လေ့လာဝယ်ယူ အားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

ထိုသို့ လုပ်ငန်းဆောင်ရွက်စဉ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိကျောက်ဆည်မြို့၊ မြစ်သားမြို့နှင့် ကူမဲမြို့တို့ရှိ ရပ်ကွက်နှင့်ကျေးရွာများတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့အတူ ၂၃၀ ကေဗွီ နေပြည်တော်-၁ ပင်မဓာတ်အားခွဲရုံရှိ ၂၃၀/၃၃/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီမှ နံနက် ၁၁ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်စဉ် နေပြည်တော် ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာများ၊ သုခတော်ဝင်အိမ်ရာ၊ နေပြည်တော် အုတ်စက်၊ ရွှေနံ့သာရပ်ကွက်၊ မင်းကုန်းကွက်သစ်ရပ်ကွက်နှင့် တောင်ညိုတို့ရှိ ကျေးရွာများတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ စက်ရုံ/အလုပ်ရုံများ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# ပန်းတင်ရေနုတ်မြောင်း သဲနုန်းတူးဖော်ခြင်းနှင့် ဆည်နယ်နိမိတ်တိုင် စိုက်ထူ

**ပုသိမ်ကြီး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ပန်းတင်ရေနုတ်မြောင်း သဲနုန်းတူးဖော်ခြင်းနှင့် ဆည်နယ်နိမိတ်တိုင် စိုက်ထူခြင်း လုပ်ငန်းများကို ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



အဆိုပါရေနုတ်မြောင်းတူးဖော်ခြင်းကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် အဖွဲ့ဝင်များ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်း၍ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရွှေရန်ကင်း**

# အိမ်နီးချင်း မိတ်ဆွေကောင်းမှ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ်သို့

**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သို့မဟုတ် လာအို ပီဒီအာရ်။ အကျယ်အဝန်း စတုရန်းကီလိုမီတာ ၂၃၇၀၀၀ ခန့်တွင် ဒေသအများစုက တောင်ကုန်း တောင်တန်းများဖြစ်သည်။ မဲခေါင်မြစ်ကြီးသည် လာအိုနိုင်ငံ၏ အသက်သွေးကြောသဖွယ်ဖြစ်ပြီး မြန်မာနှင့် လာအိုကြားတွင် နယ်နိမိတ်အဖြစ် မိုင် ၁၅၀ ခန့် ဖြတ်သန်းစီးဆင်းနေသလို လာအိုနိုင်ငံအတွင်း၌ ဖြတ်သန်းစီးဆင်းကာ ထိုင်းနှင့် လာအိုကြားတွင်လည်း နယ်နိမိတ်မြစ်အဖြစ် ဆက်လက်စီးဆင်းသွားသည်။**


သိင်္ဃသူ


လာအိုနိုင်ငံ၏ ပတ်ဝန်းကျင်တွင် ထိုင်း၊ မြန်မာ၊ တရုတ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားတို့ရှိပြီး ပင်လယ်ကမ်းရိုးတန်းမရှိသည့် ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည်။ မိမိတို့နိုင်ငံကဲ့သို့ပင် လာအိုသည်လည်း တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်သည်။

အတိတ်သမိုင်းကို ပြန်ကြည့်လျှင် ရှေးမြန်မာတို့က လာအိုကို လင်းဇင်းပြည်ဟု သိကြသည်။ သမိုင်းတွင် လန်ရှန်း ဘုရင့်နိုင်ငံတော် (Kingdom of Lan Xang) ဟူ၍ ထင်ရှားခဲ့ရာ လန်ရှန်းဟူသည် “ဆင်တစ်သန်းရှိသော တိုင်းပြည်”ဆိုသည့် အဓိပ္ပာယ်ဖြစ်သည်။ ၁၉ ရာစု မတိုင်မီအထိ အရှေ့တောင်အာရှနိုင်ငံများဆိုသည်မှာ မြို့ပြနိုင်ငံငယ်အများအပြားတည်ထောင်ထားကြခြင်းဖြစ်ပြီး သမိုင်းကြောင်းအရလည်း အပြန်အလှန် ဆက်စပ်နေကြသည်။ အနောက်တိုင်းမှ နယ်ချဲ့များက သာသနာပြုများ၊ ကုန်သည်များ၊ စစ်သည်များအဖြစ် အပြိုင်အဆိုင် နယ်ချဲ့လာကြသည့်အချိန်တွင် အရှေ့တောင်အာရှ၏ ကံကြမ္မာသည်လည်း ပြောင်းလဲလာသည်။ ကိုလိုနီဘဝ ကံဆိုးမိုးမှောင်ကျခဲ့သည်။ နယ်ချဲ့လက်အောက် ကျရောက်နေသည့် မြန်မာနှင့် လာအိုတို့အပါအဝင် အရှေ့တောင်အာရှနိုင်ငံများ ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် လွတ်လပ်ရေးရကြသည်။ ကျန်သည့် ၂၀ ရာစု ဒုတိယပိုင်းသည် နယ်ချဲ့စနစ်၏ အမွေဖြစ်သော ပြည်တွင်းရေးအရှုပ်အထွေးများ။ ၂၁ ရာစုသို့ ဝင်ရောက်လာချိန်တွင်မူ နိုင်ငံရေးအရ တည်ငြိမ်မှုတို့ ရတန်သရွေ့ရရှိကြကာ နိုင်ငံအလိုက် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်၍ အပြင်းအထန် ကြိုးပမ်းအားထုတ်နေကြပေပြီ။

အရှေ့တောင်အာရှ၏ တစ်ခုတည်းသော ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည့် လာအိုသည် မကြာသေးမီနှစ်များအတွင်း အခြေခံအဆောက်အအုံကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် သိသာထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်လာခဲ့ရာ ပင်လယ်ထွက်ပေါက်မရှိသည့် အားနည်းချက်ကို ကျော်လွှားနိုင်ရန် ဒေသတွင်းလမ်းပန်းဆက်သွယ်ရေး ဗဟိုချက်ဖြစ်လာစေရန် ပြောင်းလဲလျက်ရှိသည်။ လာအိုနိုင်ငံ၏ မြို့တော် ဗီယင်ကျန်းနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကို ချိတ်ဆက်ထားသည့် မြန်နှုန်းမြင့်ရထားလမ်းကြောင့် ကုန်သွယ်မှုနှင့် ခရီးသွားကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်လာသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မြန်မာတို့နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန် အဝေးပြေးလမ်းကွန်ရက်များကို တိုးချဲ့နေသည်။

စွမ်းအင်ကဏ္ဍအနေဖြင့် နိုင်ငံ၏ ရေအားအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချကာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချနိုင်ခြင်းကြောင့် အာဆီယံ၏ ဘက်ထရီဟူ၍ပင် နာမည်ရလာနေပြီဖြစ်သည်။ ပြည်တွင်း၌လည်း ကျေးလက်ဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေး၊ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးတို့ကို ဖော်ဆောင်လျက်ရှိသည်ဟု သိရသည်။ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတွင် မြန်မာ–လာအို ချစ်ကြည်ရေးတံတားကလည်း အရေးပါသည့် အဝင်အထွက် မုခ်ဦး (Gateway) တစ်ခုပင်ဖြစ်သည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်တို့ နှစ်နိုင်ငံကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ တွေ့ဆုံဆွေးနွေးကြစဉ်။

လာအိုနှင့် မြန်မာ အိမ်နီးချင်းတို့၏ နှစ်နိုင်ငံဆက်ဆံရေးမှာ အိမ်နီးချင်းကောင်းတို့၏ ဆက်ဆံရေးမျိုးဖြစ်သည်။ ကိုယ့်ပြည်တွင်းရေး ကိုယ်အာရုံစိုက်ပြီး ကိုယ့်ဖွံ့ဖြိုးရေး ကိုယ်ဖော်ဆောင်ကြကာ အခက်အခဲဖြစ်လျှင်လည်း အပြန်အလှန် ကူညီဖေးမကြသည်။ ၁၉၅၅ ခုနှစ်တွင် နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေး စတင်ခဲ့ခြင်းဖြစ်ရာ ယခုနှစ်တွင် နှစ်ပေါင်း ၇၀ ကျော်ပြီဖြစ်သည်။ မကြာသေးမီအချိန်အတွင်း မြန်မာနှင့် လာအို နှစ်နိုင်ငံဆက်ဆံရေးမှာ အိမ်နီးချင်းကောင်းအဆင့်မှသည် မဟာဗျူဟာမြောက်သည့် ဆက်ဆံရေးသို့ တက်လှမ်းနိုင်ရန် ပြင်ဆင်လာသည်။ နှစ်နိုင်ငံခေါင်းဆောင်များနှင့် တာဝန်ရှိသူများအကြား တွေ့ဆုံဆွေးနွေးမှု၊ အပြန်အလှန်သွားရောက်မှုတို့ ခပ်စိပ်စိပ် ဖြစ်လာသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား လာအိုကလေးငယ် နှစ်ဦးက ဂုဏ်ပြုပန်းစည်းကမ်း၍ ကြိုဆိုနှုတ်ဆက်စဉ်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်းမြို့၌ ကျင်းပပြုလုပ်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး ( Shanghai Cooperation Organisation– SCO SUMMIT 2025 Plus) သို့ ထိုစဉ်က နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တာဝန်ယူထားရသည့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပါဝင်တက်ရောက်ဆွေးနွေးခဲ့ရာ အစည်းအဝေးမစတင်မီအချိန်အတွင်း နိုင်ငံတော်ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ ခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံ၍ နိုင်ငံအလိုက် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာများကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့သည်။ ထိုစဉ်က လာအိုနိုင်ငံသမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်နှင့်လည်း တွေ့ဆုံ၍ နှစ်နိုင်ငံကြား လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ နယ်စပ်ဖြတ်ကျော်ကဏ္ဍ၊ အလုပ်သမားကဏ္ဍ စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံသည် SCO ၏ ဆွေးနွေးဖက်နိုင်ငံ (Dialogue Partner) အဖြစ် ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်တွင် ပါဝင်ခွင့်ရရှိခဲ့ပြီး လာအိုနိုင်ငံသည် အဆိုပါ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ တီယန်ကျင်းတွင် ကျင်းပသည့် SCO SUMMIT တွင် ဆွေးနွေးဖက်နိုင်ငံအဖြစ် ပါဝင်ခွင့်ရရှိလာခဲ့ခြင်းဖြစ်သည်။

လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့

*စာမျက်နှာ ၉ သို့*

❖ **အရှေ့တောင်အာရှ၏ တစ်ခုတည်းသော ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည့် လာအိုသည် မကြာသေးမီနှစ်များအတွင်း အခြေခံအဆောက်အအုံကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် သိသာထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်လာခဲ့ရာ ပင်လယ်ထွက်ပေါက်မရှိသည့် အားနည်းချက်ကို ကျော်လွှားနိုင်ရန် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးဗဟိုချက်ဖြစ်လာစေရန် ပြောင်းလဲလျက်ရှိ**

❖ **စွမ်းအင်ကဏ္ဍအနေဖြင့် နိုင်ငံ၏ ရေအားအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချကာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချနိုင်ခြင်းကြောင့် အာဆီယံ၏ ဘက်ထရီဟူ၍ပင် နာမည်ရလာနေပြီဖြစ်ပြီး ပြည်တွင်း၌လည်း ကျေးလက်ဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေး၊ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးတို့ကို ဖော်ဆောင်လျက်ရှိ**

*စာမျက်နှာ ၈ မှ*

ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ တရားဝင်ခရီးစဉ် လာရောက်ခဲ့ပြီး ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့သည်။ ယင်းသို့ ဂါရဝပြုတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့် ခရီးစဉ်လာရောက်နိုင်ရေးအတွက် ဖိတ်ကြားလွှာကို လက်ရောက်ပေးအပ်ခဲ့ပြီး နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်၏ ခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ အာဆီယံနိုင်ငံများအကြား အချင်းချင်းဆက်ဆံမှုတို့ကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ အစိုးရအနေဖြင့် မြန်မာနိုင်ငံ ရွေးကောက်ခံအစိုးရ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်နေမှုအပေါ် မားမားမတ်မတ် ရပ်တည်ထောက်ခံလျက်ရှိပါကြောင်းတို့ကို ပြောကြားခဲ့သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်၏ ဖိတ်ကြားချက်အရ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့၏ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သည် ဇူလိုင် ၃ ရက်နေ့တွင် စတင်သည်။ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ ဝပ်တိုင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြရာ လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး (Minister in Attendance) မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟေးနှင့် ဇနီး ဦးဆောင်သည့် လာအိုအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။

ထိုသို့ကြိုဆိုရာတွင် လာအိုနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ကလည်း နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) လာရောက်ကြသည့် နိုင်ငံ့အကြီးအကဲများအား ကြိုဆိုဂုဏ်ပြုသည့် ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍လည်းကောင်း၊ လာအိုကလေးငယ်နှစ်ဦးတို့က ဂုဏ်ပြုပန်းစည်းကမ်း၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် လေဆိပ်မှ ဆက်လက်ထွက်ခွာကြရာ လမ်းဘေးဝဲယာ၌ လာအိုနိုင်ငံ ကင်းထောက်လူငယ် မောင်မယ်လေးများက နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍ ခရီးဦးကြိုဆိုကြသည်။

လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် လာအိုနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်က လာအိုသမ္မတအိမ်တော်၌ ဂုဏ်ပြုတပ်ဖွဲ့နှင့် ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးမှုတွင် လာအိုနိုင်ငံ သမ္မတက နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ အဆွေတော်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်စဉ်အတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်ပြီး နှစ်နိုင်ငံဆက်ဆံမှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုခရီးစဉ်သည် သံတမန်ရေးရာအရသာမက စီးပွားရေးရာအရ ပူးပေါင်းဆောင်ရွက်ရေးတို့တွင်ပါ ထူးခြားသည့် ခရီးစဉ်တစ်ခုဖြစ်ပါကြောင်း၊ မိမိ သမ္မတတာဝန် ထမ်းဆောင်ချိန်တွင် ရှိရင်းစွဲအစဉ်အလာရှိသည့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ဆက်လက်မြှင့်တင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးနောက် အာဆီယံနိုင်ငံများအနက် လာအိုနိုင်ငံကို ပထမဆုံး နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး လာရောက်နိုင်ခဲ့သည့်အတွက် ဝမ်းမြောက်မိပါကြောင်းနှင့် ယခုကဲ့သို့ ချစ်ကြည်ရေးခရီး လာရောက်ရန် ဖိတ်ကြားခဲ့မှုအပေါ်လည်း တန်ဖိုးထားပါကြောင်း၊ မိမိနှင့်ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲပျူငှာစွာ ကြိုဆိုမှုများနှင့် နွေးထွေးစွာ ဧည့်ဝတ်ပြုမှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းတို့ကို ဦးစွာပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ ပြောကြားချက်များတွင် မကြာသေးမီက လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟေး၏ မြန်မာနိုင်ငံခရီးစဉ်သည်လည်း မိမိတို့အစိုးရအပေါ် အလေးအနက်ထားမှုနှင့် လာအိုနိုင်ငံ၏ ထောက်ခံရပ်တည်ပေးမှုကို ပြသပေးသည့် ခရီးစဉ်ဖြစ်သဖြင့် များစွာတန်ဖိုးထားပါကြောင်း၊ ယခု ခရီးစဉ်သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲအစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေပြီး မဟာဗျူဟာမြောက် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအချိန်သည် မိမိတို့ နှစ်နိုင်ငံတွင် ရွေးကောက်ပွဲများ အသီးသီးကျင်းပပြီးနောက် အစိုးရသစ်များ ဖွဲ့စည်းပြီးသည့် အချိန် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရသစ်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရှိသည့် အရေးကြီးသည့် အချိန်အခါဖြစ်ပါကြောင်း စသည်တို့ပါရှိရာ မြန်မာ- လာအို နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ရှိရင်းစွဲ အိမ်နီးချင်း နှစ်နိုင်ငံအကြား အနာဂတ်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးတက်မြင့်မားလာမည့် ပုံရိပ်တို့ကို တွေ့မြင်ရစေသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများ၊ ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးတွင် မိတ်ဝတ်မပျက် ချစ်ကြည်ရေးကို အလေးထားဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်ပြီး လာအိုနိုင်ငံ သမ္မတက ဆွေးနွေးပြောကြားရာတွင် မိမိတို့ နှစ်နိုင်ငံသည် သမိုင်းကြောင်းတူညီမှုရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအဖြစ် တစ်ပြိုင်တည်း ဝင်ရောက်ခဲ့ခြင်းဖြစ်သဖြင့် ပိုမိုချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်ကြကြောင်း၊ မြန်မာနိုင်ငံသည် လာအိုနိုင်ငံ၏ အယုံကြည်ရဆုံးနှင့် အရင်းနှီးဆုံး မိတ်ဆွေနိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံနှင့် ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် အမြဲထောက်ခံအားပေးလျက်ရှိကြောင်း၊ မိမိတို့ နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဆက်ဆံရေးကို အာဆီယံမျက်နှာစာတွင်သာမက ကမ္ဘာ့နိုင်ငံများအလယ်တွင်ပါ ကောင်းမွန်သည့် ပြယုဂ်တစ်ခုအဖြစ် ရောက်ရှိအောင် မြှင့်တင်ဆောင်ရွက်သွားလိုပါကြောင်း၊ မိမိတို့ လာအိုနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ မိတ်ဆွေကောင်း နိုင်ငံအဖြစ် အမြဲရပ်တည် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး နိုင်ငံအဖြစ် ထူထောင်သွားလိုပါကြောင်း၊ အနာဂတ်တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက် ပိုမိုတိုးမြှင့် ဆောင်ရွက်သွားလိုပါကြောင်း စသည်တို့ ပါဝင်ခဲ့ရာ မိတ်ကောင်းဆွေကောင်း နိုင်ငံတစ်နိုင်ငံအဖြစ် ထင်ဟပ်ပြသလျက်ရှိသကဲ့သို့ အနာဂတ်အတွက် ပူးပေါင်းဆောင်ရွက်မှုများ မြင့်မားစေရေး မျှော်မှန်းချက်များမှာလည်း တစ်သဘောတည်း ကိုက်ညီလျက်ရှိသည်။

နှစ်နိုင်ငံခေါင်းဆောင်များနှင့် နှစ်ဖက်ကိုယ်စားလှယ် အဖွဲ့ဝင်များ၏ အမြင်ချင်းဖလှယ် တွေ့ဆုံဆွေးနွေးပွဲမှာ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ နှစ်ဖက်အကျိုးစီးပွား ဖြစ်ထွန်းစေမှုတို့ကို ဦးတည်ကာ ရင်းနှီးပွင့်လင်းမှုများ ပြည့်ဝစွာနှင့် ဖြစ်သည်။

တွေ့ဆုံပွဲအပြီးတွင် မြန်မာ-လာအို နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာများ လဲလှယ်ခြင်း အခမ်းအနား ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် လာအိုနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ဝန်ကြီးဌာနတို့အကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်နှင့် လာအိုနိုင်ငံ၏ မြို့တော် ဗီယင်ကျန်းမြို့တို့အကြား ညီအစ်မမြို့တော်များ တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို နှစ်နိုင်ငံမှ တာဝန်ရှိသူများက နှစ်နိုင်ငံသမ္မတနှစ်ဦး၏ ရှေ့မှောက်တွင် လဲလှယ်ကြသည်။ ထို့နောက် လာအိုနိုင်ငံအတွက် မြန်မာနိုင်ငံက ပေးအပ်လှူဒါန်းသည့် မြန်မာနိုင်ငံထုတ် မြွေဆိပ်ဖြေဆေး အလုံး ၆၄၀ ကို နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီးက ပေးအပ်လှူဒါန်းရာ လာအိုနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာ-လာအို နယ်စပ် မဲခေါင်မြစ် ရေအားလျှပ်စစ်စီမံကိန်း ဖြစ်နိုင်ခြေစူးစမ်းလေ့လာမှုဆိုင်ရာ ပူးတွဲသဘောတူစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် ဇူလိုင် ၄**

လာအိုနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာ-လာအို လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ မြန်မာ-လာအိုနယ်စပ်ရှိ မဲခေါင်မြစ်ကြောင်း တစ်လျှောက်တွင် ရေအားလျှပ်စစ် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဖြစ်နိုင်ခြေစူးစမ်းလေ့လာမှုဆိုင်ရာ ပူးတွဲသဘောတူစာချုပ်ကို ယနေ့ လက်မှတ်ရေးထိုးကြသည်။




အဆိုပါပူးတွဲသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Crowne Plaza Hotel ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Manothong Vongsay က စီမံကိန်းသည် မြန်မာ-လာအို ချစ်ကြည်ရေး၏ အရေးပါသော ပြယုဂ်တစ်ခုဖြစ်ပြီး မြန်မာ-လာအို လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်အတွင်းမှ နှစ်နိုင်ငံအစိုးရများ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်သော စီမံကိန်းဖြစ်ကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဒေသသာမက မဟာမဲခေါင်မြစ်ဝှမ်းဒေသ တစ်ခုလုံးအတွက် အကျိုးကျေးဇူးများ ရရှိနိုင်မည့် စီမံကိန်းဖြစ်ကြောင်း၊ စီမံကိန်း၏ ဖြစ်နိုင်ခြေစူးစမ်းလေ့လာမှုများနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် အကျိုးသက်ရောက်မှု ဆန်းစစ်မှုများ အမြန်ဆုံး ပြီးမြောက်စေရန်နှင့် စီမံကိန်း လျင်မြန်စွာအကောင်အထည်ဖော် ဆောင်နိုင်ရန်အတွက် လာအိုအစိုးရဘက်က အကောင်းဆုံး ပံ့ပိုးလမ်းညွှန်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ယနေ့ ချုပ်ဆိုသော ပူးတွဲသဘောတူစာချုပ်သည် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံ နယ်စပ်တွင်ရှိသော မဲခေါင်မြစ်ပေါ်တွင် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုကို မြန်မာနိုင်ငံဘက်မှ တာဝန်ပေးအပ်သော ကုမ္ပဏီနှင့် လာအိုနိုင်ငံဘက်မှ တာဝန်ပေးအပ်သော ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းဖြစ်သောကြောင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အတွက် အထူးအရေးပါသော စီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်းပြီးစီးပါက ဒေသတွင်းလိုအပ်နေသော လျှပ်စစ်ဓာတ်အားကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အပြင် အာဆီယံဒေသတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ရည်မှန်းချက်ပြည့်မီရေး အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ မဲခေါင်မြစ်သည် နှစ်နိုင်ငံ နယ်စပ်မြစ်ဖြစ်သောကြောင့် စီမံကိန်းဆောင်ရွက်ရာတွင် မြန်မာ၊ လာအိုနှစ်နိုင်ငံ၏ ဒေသထုံးတမ်း အစဉ်အလာများ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာ ဆောင်ရွက်ရမည်ဖြစ်ပြီး မြန်မာအစိုးရအနေဖြင့်လည်း စီမံကိန်း အောင်မြင်စေရန် အတတ်နိုင်ဆုံး ကြိုးကြပ်လမ်းညွှန်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံ ဒုတိယဝန်ကြီးများ ရှေ့မှောက်တွင် မြန်မာ-လာအို နယ်စပ် မဲခေါင်မြစ် ရေအားလျှပ်စစ်စီမံကိန်း ဖြစ်နိုင်ခြေ စူးစမ်းလေ့လာမှုဆိုင်ရာ ပူးတွဲသဘောတူစာချုပ်ကို မြန်မာနိုင်ငံဘက်မှ တာဝန်ပေးအပ်သော Primus Sapphire Power Co., Ltd. နှင့် လာအိုနိုင်ငံဘက်မှ တာဝန်ပေးအပ်သော Phongsupthavy Group Sole Co., Ltd. တို့က လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းသည် ခန့်မှန်းတပ်ဆင်အင်အား ၂၇၈၀ မဂ္ဂါဝပ်အထိ ထွက်ရှိနိုင်သော စီမံကိန်းဖြစ်ပြီး ဖြစ်နိုင်ခြေ စူးစမ်းလေ့လာမှု လုပ်ငန်းများကို ၃၄ လအတွင်း ပြီးစီးစေရန် မြန်မာကုမ္ပဏီနှင့် လာအိုကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး-မန္တလေး (၈)ထပ် ကလေးကုသဆောင်သစ် ဖွင့်ပွဲတက်ရောက်

**နေပြည်တော် ဇူလိုင် ၄**

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး-မန္တလေး (၈)ထပ် ကလေးကုသဆောင်သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် (၈)ထပ်ကလေးဆေးကုသဆောင်သစ် မြေညီထပ်ရှိ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ခွဲစိတ်ခွဲနမူနာလက်ခံဌာနနှင့် ခွဲစိတ်မှန်ဌာန၊ ပထမထပ်ရှိ ခွဲစိတ်ခန်းများ၊ ဒုတိယထပ်ရှိ ကလေးခွဲစိတ်ကုသဆောင်၊ ဆဋ္ဌမထပ်ရှိ ကလေးကုသဆောင်နှင့် အပေါ်ဆုံးထပ်ရှိ စာသင်ခန်းများနှင့် အစည်းအဝေးခန်းမကြီးတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး-မန္တလေးတွင် ကလေးအထူးကုဌာန၊ ကလေးခွဲစိတ်အထူးကုဌာန၊ ကလေးအထူးကြပ်မတ်ကုသဌာန၊ ကလေးအရိုးအထူးကုဌာန၊ ကလေးဖွံ့ဖြိုးမှု ပြင်ပလူနာဌာန၊ ကလေးနှလုံးကုသပြင်ပလူနာဌာန၊ မွေးကင်းစအထူးကြပ်မတ်ကုသဆောင်တို့ကို ဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် မန္တလေးပြည်သူ့ဆေးရုံကြီး၊ ကင်ဆာရောဂါကုသဆောင်၌ ကင်ဆာဆေးသွင်းဌာန၊ အတွင်းလူနာဆောင်များ၊ ခွဲစိတ်ခွဲဌာနနှင့် ခွဲစိတ်မှန်ဌာန၊ သွားနှင့်ခံတွင်း အထူးကုဌာန (ကန်တော်နဒီ)၌ သွားနှင့်ခံတွင်းကုသမှုများ ဆောင်ရွက်ပေးနေမှု၊ ခေတ်မီဒီဂျစ်တယ်နည်းပညာဖြင့် ပုလဲသွားတု(Zirconia crown) ပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဒုတိယဝန်ကြီး ဦးမျိုးမြင့် ဖလမ်းမြို့ ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၄**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ဇူလိုင် ၂ ရက်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထောက်ပံ့ပေးသည့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများကို သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် ဖလမ်းမြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနရုံး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ ခရိုင်ပြည်သူ့စာကြည့်တိုက်၊ ဖလမ်းမြို့မ ရဲစခန်း၊ စိုက်ပျိုးရေးဦးစီးဌာနရုံး၊ ဥပဒေရုံး၊ လမ်းဦးစီးဌာနရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး၊ သမဝါယမဦးစီးဌာနရုံး၊ မြန်မာ့စီးပွားရေးဘဏ်တို့ကို ဖွင့်လှစ်ပြီး ဌာနအလိုက် လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာ၌ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရာတွင် ဝန်ကြီးဌာနနှင့် နိုင်ငံတော်အစိုးရ၏ ပုံရိပ်ကို ထိခိုက်စေသော လုပ်ကိုင်ဆောင်ရွက်မှုများကို အလေးထားရှောင်ကြဉ်ရမည် ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ ပျော်ရွှင်စွာ တာဝန်ထမ်းဆောင်နေသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားကာ ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





## ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးသီးနှံ Rice Export Zone အစီအစဉ်ကို နေပြည်တော် ကောင်စီနယ်မြေ၊ ပဲခူး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ အကောင်အထည်ဖော်မည်

**နေပြည်တော် ဇူလိုင် ၄**

၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးသီးနှံ၌ ဆောင်ရွက်မည့် Rice Export Zone အစီအစဉ်ကို နေပြည်တော် ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ယမန်နေ့ နံနက်ပိုင်းက အွန်လိုင်းစနစ်ဖြင့် ကျင်းပသည့် ပြည်ထောင်စုအဆင့် ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန် (Rice Export Zone) လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)မှ သိရသည်။

အဆိုပါ အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြားပြီး ကော်မတီဝင်များနှင့် အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြဆွေးနွေးကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုအဆင့် ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန် (Rice Export Zone)လုပ်ငန်းကြီးကြပ်မှု ကော်မတီအနေဖြင့် မူဝါဒ၊ စည်းကမ်းသတ်မှတ်ချက်များ၊ ညွှန်ကြားချက်များ၊ စံလုပ်ထုံးလုပ်နည်းများအား အခါအားလျော်စွာ ဆောင်ရွက်ပေးခြင်း၊ ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန် (Rice Export Zone) အတွက် ရေးဆွဲထားသောစီမံချက်၊ စာချုပ်များအပေါ် လမ်းညွှန်မှုပြုခြင်း၊ ဈေးငွေဆိုင်ရာ ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများ ကိုက်ညီမှုရှိစေရေး ထိန်းကျောင်းကြပ်မတ်ခြင်း၊ Exporter ကုမ္ပဏီနှင့် တောင်သူများအကြား အငြင်းပွားမှုများ ပေါ်ပေါက်လာပါက ဖြေရှင်းဆုံးဖြတ်ပေးရေးအပါအဝင် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိသည်။

၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးသီးနှံ၌ ဆောင်ရွက်မည့် Rice Export Zone အစီအစဉ်ကို နေပြည်တော် ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး စုစုပေါင်း ဧက ၃ ဒသမ ၄ သိန်းကျော်တွင် ဆောင်ရွက်မည် ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းတွင်ပါဝင်သည့် တောင်သူများအား တစ်ဧကလျှင် ငွေကျပ် ၇ ဒသမ ၅ သိန်းနှုန်း ပံ့ပိုးနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ငွေကျပ် သုံးသိန်းနှုန်း ၊ ပါဝင်ဆောင်ရွက်မည့် Exporter ကုမ္ပဏီမှ ငွေကျပ် နှစ်သိန်းနှုန်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် ၂ ဒသမ ၅ သိန်းနှုန်းဖြင့်ပံ့ပိုး၍ Rice Export Zone အစီအစဉ်ကို အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက် အကွက် ၅၄၃(ပဲဝင်း)အတွင်း၌ ဇူလိုင် ၄ ရက်က ပိတ်ဆို့ရေမြောင်းများ ဆယ်ယူပေးခြင်း၊ အမှိုက်များ စနစ်တကျ စွန့်ပစ်ခြင်းတို့ကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်စိုးနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ရပ်ကွက်သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ အမက(မြို့မ) ကျောင်း၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇူလိုင် ၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်း၊ မြို့နယ်သစ်တောဦးစီးမှူး ဦးချစ်သိန်း၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်ပြည်သူများ ပျိုးပင် ၃၀၀ကို စုပေါင်းစိုက်ပျိုးစဉ်။ ၂၁၁

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဂုဏ်ပြုဆောင်းပါး

# ကမ္ဘာမြေ ငြိမ်းချမ်းဖို့ သမဝါယမများက ဝန်းရံစို့

ခန့်ဇော် (ကျေးလက်)

**သမဝါယမဆိုတာဟာ မိမိတို့ရဲ့ စီးပွားရေး၊ လူမှုရေး ဒါမှမဟုတ် ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ လူအများ ပူးပေါင်းတည်ထောင်ပြီး အဖွဲ့ဝင်တွေကိုယ်တိုင် စီမံခန့်ခွဲဆောင်ရွက်နိုင်တဲ့၊ အမြတ်အစွန်းထက် အဖွဲ့ဝင်တွေရဲ့အကျိုးစီးပွားကို ဦးစားပေးတဲ့ စီးပွားရေး/ လူမှုရေးအဖွဲ့အစည်းတွေပဲ ဖြစ်ပါတယ်။**

သမဝါယမဟာ လူမှုအသိုင်းအဝိုင်းအတွင်း ယုံကြည်မှုနဲ့ စည်းလုံးညီညွတ်မှုကို တည်ဆောက်ပေးနိုင်သလို မတူကွဲပြားတဲ့ လူအုပ်စုတွေအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်ပါတယ်။ အစုအဖွဲ့စနစ်နဲ့ စုပေါင်းဆောင်ရွက်ခြင်းမှသည် ညီညွတ်ခြင်း၊ ပေါင်းစုလုပ်ဆောင်ခြင်း၊ ညှိနှိုင်းဆုံးဖြတ်လုပ်ဆောင်ခြင်း စတဲ့အလေ့အထကောင်းတွေ ရရှိစေတာကြောင့် ငြိမ်းချမ်းရေး၊ လူမှုတရားမျှတမှုနဲ့ စီးပွားရေးတည်ငြိမ်မှုတို့ကိုပါ အထောက်အကူပြုစေပြီး ဒေသခံအသိုင်းအဝိုင်းရဲ့ ခံနိုင်ရည်စွမ်းအားကောင်းတဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေပါတယ်။

ဒါကြောင့် ကမ္ဘာတစ်ဝန်း သမဝါယမလုပ်ငန်းရဲ့ အရေးပါမှုကို အသိအမှတ်ပြုတဲ့အနေနဲ့ နှစ်စဉ် ဇူလိုင်လရဲ့ ပထမဆုံး စနေနေ့ကို အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အဖြစ် သတ်မှတ်ကျင်းပနေခြင်းဖြစ်ပါတယ်။ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့ဟာ (၁၀၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဖြစ်ပါတယ်။ ယခုနှစ်ရဲ့ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဆောင်ပုဒ်ကတော့ **"ကမ္ဘာမြေ ငြိမ်းချမ်းဖို့ သမဝါယမများက ဝန်းရံစို့" (Coopera-tives for a peaceful world)** ဖြစ်ပြီး ငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်း အသိုက်အဝန်းဖော်ဆောင်နိုင်ရေးမှာ သမဝါယမလုပ်ငန်းတွေရဲ့ အထောက်အကူပြုနိုင်မှုကို အလေးပေး ဖော်ပြထားရှိပါတယ်။

မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဖြစ်တဲ့အတွက် နိုင်ငံ့စားရေရိက္ခာ ဖူလုံရေးနဲ့ ပို့ကုန်ဝင်ငွေ တိုးမြှင့်ရရှိစေရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဟာ အဓိကကျပြီး တောင်သူတွေဟာ ဒီကဏ္ဍရဲ့ အခြေခံအကျဆုံး ကြိုးပမ်းအားထုတ်ပေးနေသူများဖြစ်ပါတယ်။ တောင်သူ တစ်ဦးချင်းစီအတွက် ငွေကြေး၊ အရင်းအနှီး၊ ခေတ်မီနည်းပညာ၊ အရည်အသွေးပြည့်မီတဲ့ မျိုးစေ့နဲ့ သွင်းအားစုတွေကို အချိန်မီရရှိရေးဟာ အဓိကကျပြီး ဦးစားပေးဖြစ်ပါတယ်။ တစ်ဦးချင်းအဆင့်မှာ လက်လှမ်းမီနိုင်မှု အကန့်အသတ်ရှိတာကြောင့် သမဝါယမအစုအဖွဲ့စနစ်လို စုပေါင်းဆောင်ရွက်မှုနဲ့သာ ထိရောက်စွာ ဖြေရှင်းကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ထမင်းကို အဓိကစားတဲ့နိုင်ငံဖြစ်ပြီး ဆန်စပါးကို အဓိက စိုက်ပျိုးတဲ့ နိုင်ငံဖြစ်လို့ စပါးကို ကျေးလက်နေတောင်သူတွေ စိုက်ပျိုးကြခြင်းဖြစ်ပါတယ်။ ဒါကြောင့် တောင်သူဦးကြီးတွေဟာ တိုင်းပြည်ရဲ့ကျေးဇူးရှင်များဖြစ်ပြီး တောင်သူများ စားဝတ်နေရေးပြေလည် အဆင်ပြေမှ၊ စိုက်ပျိုးနိုင်မှ နိုင်ငံသားအားလုံး စားဝတ်နေရေး အဆင်ပြေမှာဖြစ်တဲ့အပြင် နိုင်ငံ့စီးပွားရေးလည်း အဆင်ပြေမှာ ဖြစ်ပါတယ်။

**ကုန်ထုတ်လုပ်မှုစွမ်းအားဖြင့် ဈေးကွက်တည်ငြိမ်မှု**

တောင်သူတွေ အဆင်ပြေပြီး ရေရှည်တည်တံ့တဲ့ စိုက်ပျိုးရေးလုပ်ငန်းဖြစ်စေဖို့ ကုန်ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ရန် မရှိမဖြစ်လိုအပ်ပါတယ်။ ထုတ်လုပ်မှုစရိတ် သက်သာဖို့/ လျှော့ချနိုင်ဖို့၊ ဈေးနှုန်းတည်ငြိမ်ဖို့နဲ့ ပန်းတိုင်အထွက်နှုန်း ရရှိဖို့ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ပန်းတိုင်အထွက်နှုန်းပြည့်မီမှ ကုန်ထုတ်လုပ်မှုစွမ်းအား တိုးမြှင့်လာမှာဖြစ်ပြီး ကုန်ထုတ်လုပ်မှု တိုးမြှင့်လာစေဖို့ နည်းပညာနဲ့ ငွေကြေးအရင်းအနှီး ပံ့ပိုးပေးမှုတွေ လိုအပ်မှာ ဖြစ်ပါတယ်။ နည်းပညာတွေ စဉ်ဆက်မပြတ်ပေးနိုင်အောင်၊ စက်ယန္တရားတွေ လုံလုံလောက်လောက်သုံးလာနိုင်အောင် လုပ်ပေးရမှာဖြစ်ပါတယ်။ တစ်ဦးချင်းစီ ဆောင်ရွက်ခြင်းထက် သမဝါယမစနစ်နဲ့ စုပေါင်းလုပ်ဆောင်မှသာ လွယ်ကူမြန်ဆန်ထိရောက်မှာ ဖြစ်ပါတယ်။

> **❝ မျိုးနဲ့ သွင်းအားစုဓာတ်မြေဩဇာတွေကို ဝယ်ယူတဲ့အခါ အသင်းတွေကနေ တစ်ဆင့် ချိတ်ဆက်ပြီးတော့ သတ်မှတ်နေရာတွေကို စုပေါင်းပို့ဆောင်ပေးပြီး အဲဒီကနေတစ်ဆင့် ခွဲဝေယူကြမယ်။ မျိုးစေ့တွေ၊ ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေ၊ စက်သုံးဆီတွေကို စုပေါင်းဝယ်ယူတဲ့အတွက် သယ်ယူစရိတ်တွေ လျှော့ချလာနိုင်မယ်၊ တစ်ဦးချင်းဝယ်ရင် ဈေးကြီးပြီး အစုအဖွဲ့နဲ့ဝယ်တဲ့အခါ လက်ကားဝယ်ယူနိုင်တဲ့အတွက် ဈေးနှုန်းပိုမိုသက်သာသွားပါမယ်။ ဒါကြောင့် အစုအဖွဲ့နဲ့ လုပ်တဲ့အခါမှာ နိုင်ငံတော်က မျှဝေပေးတဲ့ နည်းပညာတွေကို ပိုမိုရရှိနိုင်မယ်၊ ဈေးကွက်တည်ငြိမ်မှုရှိလာပြီး နည်းပညာမျှဝေခြင်းကိစ္စတွေမှာ ပိုမိုအဆင်ပြေလာမယ်၊ ငွေကြေးအထောက်အပံ့ရရှိမှုတွေမှာ ပိုမိုလွယ်ကူအဆင်ပြေလာပါမယ် ❞**

**သမဝါယမစနစ်နဲ့ အစုအဖွဲ့စနစ်ရဲ့ အရေးပါမှု**

သမဝါယမစနစ်ဆိုတာကတော့ လူအများရဲ့ အကျိုးစီးပွားကို စိတ်တူကိုယ်တူ ပူးပေါင်းလုပ်ဆောင်ပြီး တိုးတက်အောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ တကယ့်လုံးလုံးလျားလျား Business ကြီးတစ်ခုအနေနဲ့ စီးပွားရေးဆန်ဆန်မဟုတ်ဘဲ အများအတွက် ရှေးရှုပြီး Social Economic ဆောင်ရွက်တာမျိုးဖြစ်ပါတယ်။ အများအတွက် စုပေါင်းလုပ်ကိုင်ရာမှတစ်ဆင့် ထုတ်လုပ်မှု ကုန်ကျစရိတ်သက်သာစေပြီး အကျိုးအမြတ်ရအောင် လုပ်ကိုင်တဲ့ပုံစံဖြစ်ပါတယ်။ အစုအဖွဲ့စနစ်ကလည်း တောင်သူတွေ၊ စိုက်ပျိုးရေးသမားတွေ၊ မွေးမြူရေးသမားတွေ၊ အသေးစားလုပ်ငန်းရှင်တွေ ပူးပေါင်းပြီးတော့ ထုတ်လုပ်မှုကဏ္ဍကတစ်ဆင့် ဈေးကွက်၊ ငွေကြေးကဏ္ဍတွေ ရောက်တဲ့အထိ ပူးပေါင်းစီမံဆောင်ရွက်ကြခြင်းမျိုး ဖြစ်ပါတယ်။

မြန်ဆန်သိသာတဲ့ အကျိုးရရှိမှုကတော့ စရိတ်တွေ လျှော့ချနိုင်တာဖြစ်ပါတယ်။ ဥပမာ- တစ်ယောက်စာအတွက် သီးသန့်ကို ဆန်တစ်ဘူးချက်ရပေမယ့် မိသားစု ငါးယောက်စာ ပေါင်းချက်တဲ့အခါ ဆန်လေးဘူး(သို့မဟုတ်) လေးဘူးခန့်နဲ့ လုံလောက်သလိုမျိုးပါပဲလို့ ပြည်ထောင်စုဝန်ကြီးက တောင်သူများကို နားလည်လွယ်အောင် ရှင်းပြလေ့ရှိပါတယ်။ အလေအလွင့်နည်းပြီး အချိန်ကုန်သက်သာစေပါတယ်။ ဒါကြောင့် စုပေါင်းလုပ်ဆောင်ရင် ကုန်ကျစရိတ် လျှော့ချနိုင်မယ်၊ ဈေးကွက်ကို တိုးချဲ့ချိတ်ဆက်နိုင်မယ်၊ နည်းပညာတွေလည်း အစုအဖွဲ့နဲ့မျှဝေနိုင်မယ်။ အစိုးရဌာနတွေ၊ နည်းပညာမျှဝေပေးတဲ့သူတွေအနေနဲ့လည်း အစုအဖွဲ့တွေရှိတဲ့နေရာမှာ မျှဝေပေးမှသာ ကုန်ကျစရိတ်လည်း သက်သာပြီး ထိရောက်မှု ပိုရှိမှာဖြစ်ပါတယ်။

**မျိုးနဲ့ သွင်းအားစုဓာတ်မြေဩဇာတွေကို ဝယ်ယူတဲ့အခါ အသင်းတွေကနေတစ်ဆင့် ချိတ်ဆက်ပြီးတော့ သတ်မှတ်နေရာတွေကို စုပေါင်းပို့ဆောင်ပေးပြီး အဲဒီကနေတစ်ဆင့် ခွဲဝေယူကြမယ်။ မျိုးစေ့တွေ၊ ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေ၊ စက်သုံးဆီတွေကို စုပေါင်းဝယ်ယူတဲ့အတွက် သယ်ယူစရိတ်တွေ လျှော့ချလာနိုင်မယ်၊ တစ်ဦးချင်းဝယ်ရင် ဈေးကြီးပြီး အစုအဖွဲ့နဲ့ ဝယ်တဲ့အခါ လက်ကား** ဝယ်ယူနိုင်တဲ့အတွက် ဈေးနှုန်းပိုမိုသက်သာသွားပါမယ်။ ဒါကြောင့် အစုအဖွဲ့နဲ့ လုပ်တဲ့အခါမှာ နိုင်ငံတော်က မျှဝေပေးတဲ့ နည်းပညာတွေကို ပိုမိုရရှိနိုင်မယ်၊ ဈေးကွက်တည်ငြိမ်မှုရှိလာပြီး နည်းပညာမျှဝေခြင်းကိစ္စတွေမှာ ပိုမိုအဆင်ပြေလာမယ်၊ ငွေကြေး အထောက်အပံ့ရရှိမှုတွေမှာ ပိုမိုလွယ်ကူအဆင်ပြေလာပါမယ်။

**စုပေါင်းစက်ယန္တရား အသုံးပြုမှု**

တောင်သူတွေအနေနဲ့ တစ်ဦးတစ်ယောက်ချင်းစီက ပိုင်ဆိုင်တဲ့ လယ်နှစ်ဧကခန့်ကို စက်ငှားပြီး ထွန်ယက်ရမယ်ဆိုရင် အဲဒီထွန်စက်တွေ၊ ရိတ်သိမ်းခြွေလှေ့စက်တွေ မိမိလယ်ထဲ ရောက်ရှိအသုံးပြုနိုင်ဖို့ သယ်ယူစရိတ် စက်ငှားခတွေ အများကြီးကျသင့်ပါလိမ့်မယ်။ အဲဒီအတွက်ကြောင့် တစ်ဦးထဲကမဟုတ်ဘဲ အနီးအနားမှာရှိတဲ့ တစ်ဆက်တစ်စပ်တည်း လယ်ယာတွေက စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်တူညီမယ်ဆိုရင် စက်တွေရောက်ရှိတဲ့အချိန်မှာ တစ်ပြိုင်နက်တည်း ထွန်မယ်၊ ရိတ်သိမ်းနိုင်မယ်ဆိုရင် သယ်ယူစရိတ် (Logistic Cost) တွေ သက်သာပါလိမ့်မယ်။

စက်ကိရိယာ ပိုင်ဆိုင်ဖို့အတွက်မှာလည်း ဈေးနှုန်းကြီးမြင့်တာကြောင့် တစ်ဦးချင်း ပိုင်ဆိုင်ကြဖို့ ခက်ခဲပါတယ်။ တစ်ဦးချင်းမဝယ်နိုင်ပေမယ့် အသင်းမှာပါဝင်တဲ့ လူ ၁၀ ဦး/ ၂၀ က ပိုင်ဆိုင်တဲ့ လယ်ဧက ၁၀၀ အတွက် လိုအပ်တဲ့စက်တွေကို အစုအဖွဲ့အလိုက် စုစည်းပြီး ဝယ်မယ်ဆိုရင် ဝယ်နိုင်မှာဖြစ်ပါတယ်။ စုပေါင်းဝယ်ယူမယ်၊ ထိန်းသိမ်းမယ်၊ ပြင်ဖို့ထိန်းဖို့ တာဝန်ပေးတဲ့အခါမှာ တကယ်တတ်ကျွမ်းပြီးလုပ်နိုင်တဲ့သူကို ရွေးချယ်တာဝန်ပေးမယ်ဆိုရင် ကုန်ကျစရိတ် သက်သာအောင် လုပ်နိုင်ပါလိမ့်မယ်။ သမအသင်းအဖွဲ့ပိုင်၊ အစုအဖွဲ့ပိုင် ယန္တရားများ ထားရှိနိုင်ပြီး ကျေးရွာမှာ စုပေါင်းစက်ယန္တရားစင်တာတွေ ထူထောင်နိုင်တာတွေ လုပ်လာနိုင်မယ်ဆိုရင် ကုန်ထုတ်လုပ်မှုတွေ တိုးတက်လာပြီး ထုတ်လုပ်မှုလုပ်ငန်းစဉ်တွေ မြန်ဆန်လာမှာဖြစ်ပါတယ်။ အလုပ်သမားငှားရမ်းခ ကုန်ကျစရိတ်လည်း လျှော့ချလာနိုင်ပြီး စက်သုံးဆီစရိတ်တွေလည်း သက်သာလာမှာဖြစ်ပါတယ်။

**သီးနှံဈေးကွက်နဲ့ တန်ဖိုးမြှင့်ထုတ်လုပ်မှု**

လက်ရှိမှာ တောင်သူတွေဟာ စိုက်ပျိုးသီးနှံတွေကို ကုန်ကြမ်းအနေနဲ့သာ ထုတ်လုပ်ရောင်းချနိုင်ပြီး ကုန်ကြမ်းကိုလည်း သိုလှောင်နိုင်မှုမရှိတာတွေ့ရပါတယ်။ တောင်သူတွေအနေနဲ့ တစ်ဦးတစ်ယောက်တည်းဆိုရင် သိုလှောင်ရုံတွေ၊ အအေးခန်းတွေ၊ အခြောက်ခံစက်တွေလုပ်နိုင်ဖို့ ခက်ခဲမှာဖြစ်သလို ထုတ်လုပ်မှုမှာ တန်ဖိုးမြှင့်ထုတ်ကုန် Value Added ကို သွားနိုင်ဖို့ ခက်ပါလိမ့်မယ်။

အဲဒီလိုအနေအထားမှာ သိုလှောင်ရုံအကြီးစားတွေမဟုတ်ဘဲ အစုအဖွဲ့စနစ်နဲ့ သီးနှံသိုလှောင်ရုံလေးတွေ၊ လျှပ်စစ်မီးရတဲ့နေရာတွေမှာ အအေးခန်း၊ အခြောက်ခံစက်တွေ လုပ်ပေးတာမျိုးကို သမစနစ်အနေနဲ့ စုပေါင်းပြီး အကောင်းဆုံးဖြစ်အောင် လုပ်ပေးနိုင်ပါတယ်။ ဥပမာဆိုရင် ဆန်စက်လုပ်ငန်းရှင်တွေနဲ့ပေါင်းပြီး စပါးကို သိုလှောင်ရုံတွေမှာ ဘယ်လိုထားမလဲ၊ သိုလှောင်ခတွေ ဘယ်လိုပေးမလဲ၊ စပါးဈေးအတက်အကျပေါ်မူတည်ပြီး သိုလှောင်သိမ်းဆည်း ရောင်းချတာတွေ ဘယ်လိုလုပ်မလဲဆိုတာမျိုး ပေါင်းစပ်စီစဉ်လို့ ရသွားပါမယ်။ ဆီထွက်သီးနှံဆိုလည်း အလားတူပဲ ဆောင်ရွက်လို့ရပါမယ်။ သစ်သီးတွေကို အခြောက်ခံပြီး အသီးခြောက်အနေနဲ့ Value Added အဖြစ် ထုတ်လုပ်ဖြန့်ဖြူးတာတွေကို သမဝါယမစနစ်၊ အစုအဖွဲ့စနစ်နဲ့ လုပ်နိုင်လာပါမယ်။

ဌာနဆိုင်ရာတွေအနေနဲ့က Value Added ဖြစ်ဖို့ နည်းပညာသင်ကြားပေးတာ၊ ဈေးကွက်ချိတ်ဆက်တာတွေ ဆောင်ရွက်ပေးလို့ရပါတယ်။ တိုက်ရိုက်ဝယ်ယူလိုတဲ့အခါ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့တွေနဲ့ ချိတ်ဆက်ပေးတာ၊ Supplier တွေနဲ့ ချိတ်ဆက်ပေးတာ၊ ထုတ်ကုန်တွေအတွက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွေမှာ သတ်မှတ်ထားတဲ့ မှတ်ပုံတင် Register လုပ်ပေးတာတွေ လုပ်ပေးပါမယ်။ ထုတ်ကုန်တွေရဲ့ အမှတ်တံဆိပ်တွေနဲ့ ထုပ်ပိုးမှုဒီဇိုင်းတွေ ဖန်တီးလုပ်ကိုင်ပေးမယ်ဆိုရင် အစုအဖွဲ့တွေအနေနဲ့ ဈေးကွက်ဝင်ရောက်ရှိနိုင်လာမှာ ဖြစ်ပါတယ်။

**ငွေကြေးအရင်းအနှီးနဲ့ သမဝါယမဘဏ္ဍာရေးစနစ်**

ပြင်ပမှာ တောင်သူတွေက တစ်ဦးချင်း ချေးငွေရယူရတဲ့အခါ အတိုးနှုန်းမြင့်မားတာကို ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ အတိုးနှုန်းများနေတဲ့အတွက် ထုတ်လုပ်မှု ကုန်ကျစရိတ်လည်း မြင့်မားနေဦးမှာ ဖြစ်ပါတယ်။ ကျေးရွာတွေမှာ ငွေကြေးအရင်းအနှီးစနစ်တွေ လိုအပ်နေပါတယ်။ ဒါကိုတော့ နိုင်ငံတော်အစိုးရအနေနဲ့ တော်တော်များများ လုပ်ပေးထားနိုင်ပါတယ်။ နိုင်ငံတော်က နိုင်ငံ့စီးပွားမြင့်မားရေးစီမံချက်နဲ့ အတိုးနှုန်းသက်သာစွာနဲ့ သီးနှံပေါ်ပေးစနစ် ဆောင်ရွက်ပေးနေပါတယ်။ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်ကနေ သက်သာတဲ့အတိုးနှုန်းနဲ့ ချေးပေးပါတယ်။ သမအသင်းတွေကနေ သမဝါယမချေးငွေပေးတာရှိပါတယ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေ မြစိမ်းရောင်လည်ပတ်ရန်ပုံငွေထူထောင်ပေးတာရှိပါတယ်၊ အတိုးနှုန်းအလွန်သက်သာပြီး ငါးမူးကနေ တစ်ကျပ်ခွဲ အတွင်းပဲ ရှိပါတယ်။

အလားတူပဲ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း Rural Business Fund Project ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါတယ်။ အစုအဖွဲ့စနစ်နဲ့ ဆောင်ရွက်ရတာဖြစ်ပြီး အစုအဖွဲ့က (၂၅ ရာခိုင်နှုန်း)၊ နိုင်ငံတော်အနေနဲ့ RBF စီမံကိန်းရန်ပုံငွေ (၇၅ရာခိုင်နှုန်း) ပူးပေါင်းထည့်ဝင်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ စုပေါင်းလုပ်ကိုင်ကြတာဖြစ်လို့ သမဝါယမစနစ် စစ်စစ်ဖြစ်ပါတယ်။ သမဝါယမဦးစီးဌာနအနေနဲ့ သက်တန့်ရောင်စီမံကိန်းဖြင့် မတည်ရန်ပုံငွေ ထူထောင်ပေးပြီး

*စာမျက်နှာ ၁၃ သို့*

# နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၃/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇူလိုင် ၄**

ပြည်သူ့စစ်မှုထမ်း ဥပဒေအရ ပြည်သူ့စစ်မှုထမ်း သင်တန်းများ တက်ရောက်ပြီး တပ်ရင်း/တပ်ဖွဲ့ အသီးသီး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၃/၂၀၂၄)မှ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလအတိုင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြည့်မြောက်ခဲ့ပြီဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ဇူလိုင် ၁ ရက်တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ဂုဏ်ပြုအခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းခဲ့ပြီး မိသားစုဝင်များထံသို့ လည်းကောင်း၊ ၎င်းတို့၏နေရပ်အသီးသီးသို့လည်းကောင်း ပြန်လည်အပ်နှင်းစေလွှတ်ခဲ့ပြီးဖြစ်သည်။

တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍လည်းကောင်း၊ အိုးစည်ဒိုးပတ်များဖြင့် လည်းကောင်း စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုကြိုဆိုခဲ့ကြသည့် မြင်ကွင်းများ၊ ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့စစ်မှုထမ်းများ၏ နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့မှုအပေါ် ဂုဏ်ယူဝမ်းမြောက်မှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရခြင်းအပေါ် ပျော်ရွှင်ရမှုနှင့် ၎င်းတို့အပေါ် မိသားစုနှင့် ပတ်ဝန်းကျင်ကပါ ဂုဏ်ယူလေးစားစွာ ကြိုဆိုခဲ့မှုအပေါ် ကြည်နူးဂုဏ်ယူရသည့် မြင်ကွင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့မြင်ရပါသည်။



အဆိုပါ နိုင်ငံ့သားကောင်း စစ်မှုထမ်းများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသော ကာကွယ်ရေးတာဝန်၊ လုံခြုံရေးတာဝန်များနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာချိန်တွင် ကူညီကယ်ဆယ်ရေး တာဝန်များကို ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါကယခင်အလုပ်အကိုင် (သို့မဟုတ်) အလားတူရာထူးအတိုင်းပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။

ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် “စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ” က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၂ မှ*

စိုက်ပျိုးရေးအစုအဖွဲ့၊ မွေးမြူရေးအစုအဖွဲ့တွေ ထူထောင်ကာ စနစ်ကျတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။

**နည်းပညာနဲ့ အသိပညာဖြန့်ဝေမှု၊ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှု**

ကုန်ထုတ်လုပ်မှုတိုးမြှင့်စေဖို့ နည်းပညာကဏ္ဍကလည်း အရေးကြီးပါတယ်။ တစ်ဦးချင်းကို ပညာပေးရင် မထိရောက်နိုင်လို့ သမဝါယမအသင်းတွေ၊ အစုအဖွဲ့တွေကို စုပေါင်းပညာပေးတာက ပိုထိရောက်စေပါတယ်။ ဒီဂျစ်တယ်နည်းပညာ အသုံးချပြီး ဖုန်းကနေတစ်ဆင့် စိုက်ပျိုးမွေးမြူရေး အသိပညာဖြန့်ဝေပေးတာ၊ သီးနှံတွေ စိုက်ပျိုးထုတ်လုပ်ပြီးချိန်မှာ ရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးရတာတွေ၊ ထုတ်လုပ်မှုလျော့ကျတာတွေ မဖြစ်ရလေအောင် အရေးကြီးတဲ့ရာသီဥတုအခြေအနေကို တာဝန်ရှိတဲ့ အစိုးရဌာနဆိုင်ရာတွေအနေနဲ့ ကြိုတင်အသိပေးတာ၊ သမအစုအဖွဲ့ ခေါင်းဆောင်တွေ၊ ကျေးရွာခေါင်းဆောင်တွေကနေတစ်ဆင့် viber တွေ၊ Application တွေမှာ ကွန်ရက်ချိတ်ဆက်ထားပြီး ကြိုတင်သတိပေးတာတွေ၊ အရေးကြီးတဲ့ ဈေးကွက် သတင်းမျှဝေပေးခြင်းတွေ တိုးချဲ့ဆောင်ရွက်ကြရပါမယ်။

ပြည်သူတွေကလည်း အမြဲနားစွင့်ထားဖို့လိုအပ်ပါတယ်။ ပုဂ္ဂလိက လုပ်ငန်းရှင်တွေအနေနဲ့လည်း သီးနှံမျိုး၊ သွင်းအားစုတွေရောင်းတဲ့အခါမှာ ဒီအတိုင်းရောင်းတာမျိုးမဟုတ်ဘဲ နည်းပညာတွေ ပူးပေါင်းဖြန့်ဝေပေးတာ လုပ်ရမှာဖြစ်ပါတယ်။ ဒီလို ပူးပေါင်းဆောင်ရွက်တာဟာ သမဝါယမစနစ်ပဲ ဖြစ်ပါတယ်။

**အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု**

အစုအဖွဲ့ရဲ့ သဘောတရားဆိုတာ အိမ်တွေမှာ မိသားစုတွေ စုပေါင်းနေထိုင် ဆောင်ရွက်ကြတာ၊ ရုံးတွေမှာ ဌာနတွေပေါင်းပြီး ဝန်ကြီးဌာနအဖြစ် တာဝန်ယူဆောင်ရွက်ကြတာတွေ၊ ဝန်ကြီးဌာနအချင်းချင်းပူးပေါင်းဆောင်ရွက်တာ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့တွေနဲ့ ပြည်ထောင်စုက ဝန်ကြီးဌာနတွေ ပူးပေါင်းညှိနှိုင်းဆောင်ရွက်တာတွေ စတာတွေဟာ သမဝါယမစနစ်ပါပဲ။ ပူးပေါင်းဆောင်ရွက်တာဟာ အစုအဖွဲ့စနစ်လို့ ပြောလို့ရပါတယ်။ ဒါကြောင့် အစိုးရအဖွဲ့တွေနဲ့ ပုဂ္ဂလိကအဖွဲ့တွေရဲ့ ပူးပေါင်းဆောင်ရွက်မှုအား၊ စုပေါင်းဆောင်ရွက်မှုကိစ္စတွေကိုလည်း သမဝါယမစနစ်လို့ ယူဆလို့ ရပါတယ်။

သမဝါယမစနစ်အောင်မြင်ဖို့အတွက် အစိုးရအဖွဲ့အနေနဲ့ လုပ်နိုင်ကိုင်နိုင်ရှိတဲ့၊ လုပ်သာကိုင်သာရှိတဲ့ ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်ရေး မူဝါဒတွေ လုပ်ပေးနေပါတယ်။ ဘာတွေ တိုးချဲ့ပြီး လုပ်ရမလဲဆိုတာကိုလည်း စဉ်ဆက်မပြတ် သုံးသပ်ပြီး လုပ်နေကြပါတယ်။ ယခုဆိုရင် ပြည်သူက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရဖြစ်တာမို့ ပြည်သူအတွက် ဘာတွေလုပ်ပေးနိုင်မလဲဆိုတာကို နေ့စဉ်နှင့်အမျှ ဆွေးနွေးတိုင်ပင်နေတယ်ဆိုတာကိုလည်း ကြားသိရမှာဖြစ်ပါတယ်။

ဒါ့အပြင် အစိုးရအနေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွေမှာ ပူးပေါင်းပါဝင်လုပ်ဆောင်ချင်လာအောင် ဖန်တီးပေးနေသလို လုပ်ငန်းရှင်တွေကလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာကနေ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်။ တောင်သူတွေကို ပြန်ကြည့်ပေးဖို့လိုပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးဖို့ တတ်နိုင်တဲ့ဘက်က ပါဝင်လုပ်ဆောင်မယ်ဆိုတဲ့စိတ်နဲ့ ဆောင်ရွက်ပေးစေလိုပါတယ်။ အလားတူ လွှတ်တော်ကိုယ်စားလှယ်တွေ ဒေသတွင်း ကွင်းဆင်းတဲ့အချိန်တွေမှာ ကျေးလက်ပြည်သူအကျိုး၊ ကျေးလက်ပြည်သူတွေရဲ့ စီးပွားရေးအတွက် ဌာနဆိုင်ရာတွေပူးပေါင်းပြီး ဆွေးနွေးလုပ်ဆောင်နေတာဟာ “ကျွဲကူးရေပါ” ထိရောက်စေပါတယ်။

အစုအဖွဲ့တွေအနေနဲ့ ဈေးကွက်ချိတ်ဆက်မှုတွေမှာ မြို့နယ်အလွန်၊ တိုင်းဒေသကြီးအလွန်၊ ပြည်ပတင်ပို့ရောင်းချမှုတွေ မဆောင်ရွက်နိုင်သေးတာဖြစ်လို့ ပုဂ္ဂလိကတွေအနေနဲ့ အစုအဖွဲ့တွေ၊ အစိုးရဌာနတွေနဲ့ ပူးပေါင်းပြီး ချိတ်ဆက်ပေးရမှာဖြစ်ပါတယ်။

ပြည်သူတွေအနေနဲ့ကလည်း ချေးငွေတွေ ရယူပြီးရင် အကျေပေးဆပ်ဖို့ လိုပါတယ်။ မဆပ်တာကို ခွင့်ပြုပေးလို့မရတာမို့ ဌာနတွေအနေနဲ့ကလည်း အကုန်ကောက်ရမှာဖြစ်ပြီး ထပ်မံချေးပေးဖို့ နှစ်ဦးနှစ်ဖက်အဆင်ပြေအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အထွက်နှုန်းတိုးလာဖို့ ကိုယ်တိုင်လုပ်မှ ရပါမယ်။ ပူးပေါင်းဆောင်ရွက်မှုတွေ မလုပ်ကြရင် ပြောင်းလဲတိုးတက်မှာမဟုတ်ပါဘူး။ အများအတွက် စဉ်းစားပြီး စုပေါင်းလုပ်တဲ့ အလေ့အကျင့်ကို မွေးမြူကျင့်သုံးကြရပါမယ်။

**ရှေ့ဆက်လက်ဆောင်ရွက်ကြမယ်**

အနာဂတ်မှာ သမဝါယမစနစ် ကျေးလက်စီးပွားဖွံ့ဖြိုးရေးကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ဖို့ဆိုရင် –

(က) သမဝါယမစနစ်၊ အစုအဖွဲ့စနစ်ကို တောင်သူတွေရဲ့ ယုံကြည်မှုတည်ဆောက်ဖို့အတွက် အဖွဲ့အစည်းတွေရဲ့ စွမ်းဆောင်ရည်နဲ့ ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုစနစ်နဲ့ ဆောင်ရွက်ခြင်း၊

( ခ ) ဈေးကွက်သေချာစေဖို့ အစိုးရ-ပုဂ္ဂလိက-တောင်သူ အစုအဖွဲ့ပုံစံ၊ သမဝါယမစနစ်ပုံစံနဲ့ Win-Win-Win ဖြစ်စေတဲ့ Model ဖော်ထုတ်ပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဂ ) ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းဝန်ဆောင်မှုတွေကို သမဝါယစနစ်၊ အစုအဖွဲ့စနစ်နဲ့ ပြောင်းလဲဆောင်ရွက်ခြင်း၊

(ဃ) သမဝါယစနစ်၊ အစုအဖွဲ့စနစ်နဲ့ မျိုးနဲ့ သွင်းအားစုတွေကို အရည်အသွေးမီ၊ ဈေးနှုန်းမှန်နဲ့ အချိန်မီရရှိစေရေး ဆောင်ရွက်ခြင်း၊

( င ) စိုက်ပျိုးမွေးမြူရေး၊ ကုန်ထုတ်လုပ်မှု၊ ဒေသထွက်ကုန်တန်ဖိုးမြှင့်ခြင်း Value Added စနစ် လုပ်ဆောင်ဖို့၊ MSMEs ဖွံ့ဖြိုးဖို့၊ ဒီဂျစ်တယ် ဈေးကွက်စနစ်တွေ ဖော်ဆောင်ဖို့တွေကို သမဝါယမစနစ်၊ အစုအဖွဲ့စနစ်နဲ့ ဆောင်ရွက်တာ၊ စုပေါင်းထုတ်လုပ်တာကြောင့် ငွေကြေးစနစ်တည်ငြိမ်စေပြီး ဝင်ငွေတိုးပွားလာစေခြင်းဖြင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာစေမှာ ဖြစ်ပါတယ်။

ဒီနည်းအားဖြင့် တစ်ဦးတည်း အောင်မြင်မှုထက် အစုအဖွဲ့နဲ့ အောင်မြင်မှုကို ဦးတည်ပြီး သမဝါယမစနစ်ကို အခြေပြုတဲ့ ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါဟာ စိုက်ပျိုးရေးနဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍတွေအတွက်သာမဟုတ်ဘဲ ကဏ္ဍတိုင်း၊ လုပ်ငန်းရပ်တိုင်းမှာ ကျင့်သုံးဆောင်ရွက်သင့်တဲ့ အခြေခံမူတစ်ရပ်လည်း ဖြစ်ပါတယ်။ MSME လုပ်ငန်းတွေကို ပုဂ္ဂလိကနဲ့ သမဝါယမပုံစံနဲ့ အရှိန်မြှင့်တင် ဆောင်ရွက်သွားဖို့လည်း နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားထားရှိပါတယ်။

စုပေါင်းလုပ်ကိုင်တတ်တဲ့ အလေ့အကျင့်ကို တစ်ဦးချင်းမှ စတင်ကာ တစ်စုတစ်ဖွဲ့၊ အဲဒီနောက် အစုအဖွဲ့ပေါင်းများစွာအဖြစ် ဆင့်ကဲဖြန့်ကြက်သွားပြီး ကျေးရွာ၊ ရပ်ကွက်၊ မြို့ပြ၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးများ၊ နိုင်ငံအဆင့်မှသည် ကမ္ဘာတစ်ဝန်းသို့ သမဝါယမအသင်းများ ပြန့်ပွားလုပ်ဆောင်လာနိုင်စေခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း ယုံကြည်မှု၊ ညီညွတ်မှုနဲ့ အပြန်အလှန်ပူးပေါင်းဆောင်ရွက်တဲ့ ယဉ်ကျေးမှုတစ်ရပ် ပေါ်ပေါက်လာစေကာ ငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်း အသိုက်အဝန်းကို ဖော်ဆောင်လာနိုင်မှာဖြစ်လို့ သမဝါယမစနစ်ဟာ နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးအတွက်သာမက ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်ရာမှာလည်း အဓိကကျတဲ့ အခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

---

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# ဖိလစ်ပိုင်နှင့် ကနေဒါနိုင်ငံတို့ ဗျူဟာမြောက်မိတ်ဖက်အဖြစ် မြှင့်တင်ရန် သဘောတူ

**အော့တဝါ ဇူလိုင် ၄**

ဖိလစ်ပိုင်နှင့်ကနေဒါနိုင်ငံတို့သည် ကာကွယ်ရေး၊ လုံခြုံရေးနှင့် ကုန်သွယ်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် သဘောတူခဲ့ကြကြောင်း သိရသည်။

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာသည် ဝန်ကြီးချုပ် မတ်ခ်ကာနီ၏ ဖိတ်ကြားချက်အရ ကနေဒါနိုင်ငံသို့ လေးရက်ကြာ နိုင်ငံတော်ခရီးစဉ်အဖြစ် ရောက်ရှိနေကြောင်း သိရသည်။ ဇူလိုင် ၂ ရက်က ခေါင်းဆောင်နှစ်ဦးတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် နှစ်နိုင်ငံ ဆက်ဆံရေးကို မဟာဗျူဟာမြောက် မိတ်ဖက်အဖြစ် မြှင့်တင်လိုက်ကြောင်း ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နှင့် ကနေဒါနိုင်ငံတို့သည် နိုဝင်ဘာလက စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသဘောတူညီချက်ကြောင့် နှစ်နိုင်ငံ တပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်စွာ လုပ်ဆောင်နိုင်တော့မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဗီယက်နမ်သို့ နိုင်ငံတကာခရီးသွား ၁၂ ဒသမ ၃ သန်း ဝင်ရောက်



**ဟနွိုင်း ဇူလိုင် ၄**

၂၀၂၆ ခုနှစ် ပထမခြောက်လအတွင်း နိုင်ငံတကာခရီးသွား ၁၂ ဒသမ ၃ သန်းနီးပါး ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်ခဲ့ကြောင်း၊ အဆိုပါအရေအတွက်မှာ ယမန်နှစ်ကထက် ၁၄ ဒသမ ၉ ရာခိုင်နှုန်းတိုးလာကြောင်း အမျိုးသားစာရင်းအင်းရုံးက ဇူလိုင် ၃ ရက်တွင် ပြောကြားသည်။

စုစုပေါင်း လာရောက်လည်ပတ်သူများ အနက် လေကြောင်းဖြင့် လာရောက်လည်ပတ်သူ ၁၀ ဒသမ ၁ သန်းရှိရာ နိုင်ငံတကာမှ လာရောက်သူအားလုံး၏ ၈၂ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ အဆိုပါ အရေအတွက်မှာ ယမန်နှစ်ကထက် ၁၁ ဒသမ ၄ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

ကုန်းလမ်းဖြင့် လာရောက်လည်ပတ်သူ ၁ ဒသမ ၉ သန်းရှိရာ စုစုပေါင်းလာရောက်သူ၏ ၁၅ ဒသမ ၇ ရာခိုင်နှုန်းနှင့် ရေကြောင်းမှ လာရောက်လည်ပတ်သူစုစုပေါင်း ၂၀၉၀၀၀ ရှိရာ ၁ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ငလျင်ဒဏ်သင့် ဗင်နီဇွဲလားနိုင်ငံသို့ ဂျပန်ဆေးဘက်ဆိုင်ရာအဖွဲ့ ထွက်ခွာ

**တိုကျို ဇူလိုင် ၄**

ပြီးခဲ့သည့်လက အင်အားပြင်းငလျင်နှစ်ခု လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၂၆၀၀ ကျော်အထိ မြင့်တက်လာသော ဗင်နီဇွဲလားနိုင်ငံသို့ ဂျပန်နိုင်ငံမှ ဆေးဘက်ဆိုင်ရာအဖွဲ့ ဇူလိုင် ၄ ရက်တွင် ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုများကြောင့် ဇူလိုင် ၃ ရက်အထိ သေဆုံးသူပေါင်း ၂၆၄၅ ဦးအထိ မြင့်တက်လာပြီး ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်မှာလည်း ၁၂၀၀၀ ကို ကျော်လွန်လာပြီဖြစ်ကြောင်း ဗင်နီဇွဲလားအစိုးရက ပြောသည်။



အဆိုပါအဖွဲ့ကို ကျန်းမာရေးဝန်ထမ်း ၄၀ ကျော်ဖြင့် ဖွဲ့စည်းထားပြီး မြို့တော် ကာရာကတ်စ်တွင် ရွက်ဖျင်တဲများဆောက်လုပ်ကာ ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးဝါးကုသမှုပေးခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို သီတင်းနှစ်ပတ်ခန့်ကြာ လုပ်ဆောင်သွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### ပြင်သစ်၌ ဇွန်လအပူလှိုင်းကြောင့် သေဆုံးသူ ၂၀၂၅ ဦးရှိ

ကနဦးစောင့်ကြည့်လေ့လာမှု အချက်အလက်အရ ပြင်သစ်နိုင်ငံတွင် ဇွန် ၂၂ ရက်မှ ၂၈ ရက်အထိ အပူလှိုင်းဖြတ်စဉ်အတွင်း သေဆုံးသူ ၂၀၂၅ ဦးရှိခဲ့ပြီး ယင်းမှာ ပြီးခဲ့သည့်သီတင်းပတ်ကထက် ၂၉ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ပြည်သူ့ကျန်းမာရေးဆိုင်ရာအေဂျင်စီက ဇူလိုင် ၃ ရက်တွင် ပြောသည်။ **ဆင်ဟွာ**

### ဇမ်ဘီယာ၌ ဝက်သက်ရောဂါကြောင့် လေးဦးသေဆုံး

ဇမ်ဘီယာ၌ ယခုနှစ် ပထမနှစ်ဝက်အတွင်း ဝက်သက်ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူလေးဦးခန့်ရှိကြောင်း၊ ဝက်သက်ရောဂါ သံသယရှိသူ ၇၀၀ ရှိပြီး ၎င်းတို့ထဲမှ အတည်ပြုလူနာ ၁၁၉ ဦး ရှိကြောင်း၊ လက်ရှိဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေရသူ ၉၂ ဦးရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ဇူလိုင် ၃ ရက်တွင် ပြောသည်။ **ဆင်ဟွာ**

### စပိန်၌ ပြင်းထန်သည့်တောမီးကြောင့် မြေဟက်တာ ၂၃၀၀ လောင်ကျွမ်း

စပိန်နိုင်ငံ အရှေ့မြောက်ပိုင်း ကာတာလိုနီယာဒေသ၌ ဇူလိုင် ၃ ရက် ညနေပိုင်းက ကြီးမားသည့်တောမီးလောင်မှုဖြစ်ပွားရာ တောမီးကို မထိန်းချုပ်နိုင်သေးဘဲ မြေဟက်တာ ၂၃၀၀ နီးပါး လောင်ကျွမ်းသွားကြောင်း၊ မီးလောင်မှုထိန်းချုပ်နိုင်ရေး မီးသတ်သမား ၄၀၀ ကျော် စေလွှတ်ထားကြောင်း သိရသည်။ **ဆင်ဟွာ**

### DRC ၌ အီဘိုလာရောဂါဖြစ်ပွားသူ ၁၅၀၀ ကျော် ရှိလာ

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ(DRC)၌ အီဘိုလာ အတည်ပြုလူနာ ၁၅၀၂ ဦးရှိပြီး သေဆုံးသူ ၄၇၃ ဦးရှိကာ ရောဂါဖြစ်ပွားမှုမှာ ဆိုးရွားနေဆဲဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။ **ဆင်ဟွာ**

### ဂါနာ၌ ရေကြီးမှုအပြီး သန့်ရှင်းရေးများ စတင်လုပ်ဆောင်

ဂါနာအစိုးရသည် မိုးသည်းထန်စွာရွာသွန်းမှုအပြီး ရေကြီးမှုဒဏ်ခံစားခဲ့ရသည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေးဒုက္ခ လျော့ပါးသက်သာစေရေးအတွက် သန့်ရှင်းရေးလုပ်ဆောင်မှုများကို ဇူလိုင် ၃ ရက်တွင် စတင်လုပ်ဆောင်နေပြီဟု သိရသည်။ **ဆင်ဟွာ**

## ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ

နာမည်ကြီး ဘရာဇီး၊ ပူးတွဲအိမ်ရှင် မက္ကဆီကို၊ အင်္ဂလန်အသင်းတို့ ပါဝင်တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွေကို ဇူလိုင် ၆ ရက် နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဘရာဇီးက နော်ဝေ၊ ပူးတွဲအိမ်ရှင် မက္ကဆီကို နာမည်ကြီး အင်္ဂလန်တို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# နော်ဝေရဲ့ခြေစွမ်း ထက်မြက်ပေမယ့် ဘရာဇီးကို အနိုင်ရဖို့ မလွယ်ဘူး

### ဘရာဇီး VS နော်ဝေ

ဘရာဇီးက အသင်းတိုင်းနီးပါးကို ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာနဲ့စိတ်ကြိုက်ကစားကွက်ပုံဖော်နိုင်စွမ်းရှိပြီး ပုံစံမျိုးစုံ၊ ကစားသမားပေါင်းစုံက ဂိုးသွင်းယူနိုင်စွမ်းရှိတယ်။ နော်ဝေမှာ ဟာလန်း၊ အိုဒီဂတ်တို့လို ထိပ်တန်းကစားသမားတွေက ဘရာဇီးရဲ့ ခံစစ်ကို အကြိမ်ကြိမ်ဒုက္ခပေးနိုင်စွမ်းရှိတယ်။ ဘရာဇီးနိုင်ပွဲရမယ်။

| အုပ်စုပွဲစဉ် ရလဒ်များ |
|---|
| ဘရာဇီး ၁-၁ မိုရိုကို |
| ဘရာဇီး ၃-၀ ဟေတီ |
| စကော့တလန် ၀-၃ ဘရာဇီး |

| ဘရာဇီးအသင်း ပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုများ |
|---|
| ၃၂ သင်းအဆင့် ရလဒ် |
| ဘရာဇီး ၂-၁ ဂျပန် |

| အုပ်စုပွဲစဉ် ရလဒ်များ |
|---|
| အီရတ် ၁-၄ နော်ဝေ |
| နော်ဝေ ၃-၂ ဆီနီဂေါ |
| နော်ဝေ ၁-၄ ပြင်သစ် |

| နော်ဝေအသင်း ပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုများ |
|---|
| ၃၂ သင်းအဆင့် ရလဒ် |
| အိုင်ဗရီကို့စ် ၁-၂ နော်ဝေ |

**ဗီနီစီးယပ်စ် (တောင်ပံတိုက်စစ် - ဘရာဇီး)**



✓ တစ်ဦးချင်းကျော်ဖြတ်နိုင်စွမ်းနဲ့ ဂိုးသွင်းစွမ်းရည် မြင့်မားခြင်း။

**ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၅ ကြိမ်**

**ဟာလန်း (တိုက်စစ် - နော်ဝေ)**



✓ ပြိုင်ဘက်ဧရိယာအတွင်း တုံ့ဆိုင်းမှုမရှိ ဂိုးသွင်းယူနိုင်ခြင်း။

**ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၅ ကြိမ်**

### မက္ကဆီကို VS အင်္ဂလန်

မက္ကဆီကိုရဲ့ ခံစစ်က လက်ရှိအချိန်အထိ ပေးဂိုးခွင့်ပြုထားရခြင်း မရှိသေးဘူး။ အင်္ဂလန်ရဲ့ခြေစွမ်းက တည်ငြိမ်မှုမရှိဘူး။ ပြိုင်ဘက်အသင်းရဲ့ဖိအားပေးခြင်းခံရရင် အသင်းကစားပုံ ဟန်ချက်ပျက်ပြီး မကြာခဏအမှားကျူးလွန်တတ်တာ သတိပြုရမယ်။ ခက်ခက်ခဲခဲ ကစားပြီး ပူးတွဲအိမ်ရှင် မက္ကဆီကို နိုင်ဖွယ်ရာရှိတယ်။

| အုပ်စုပွဲစဉ် ရလဒ်များ |
|---|
| မက္ကဆီကို ၂-၀ တ/အာဖရိက |
| မက္ကဆီကို ၁-၀ တ/ကိုရီးယား |
| ချက်ဇ် ၀-၃ မက္ကဆီကို |

| မက္ကဆီကိုအသင်း ပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုများ |
|---|
| ၃၂ သင်းအဆင့် ရလဒ် |
| မက္ကဆီကို ၂-၀ အီကွေဒေါ |

| အုပ်စုပွဲစဉ် ရလဒ်များ |
|---|
| အင်္ဂလန် ၄-၂ ခရိုအေးရှား |
| အင်္ဂလန် ၀-၀ ဂါနာ |
| ပနားမား ၀-၂ အင်္ဂလန် |

| အင်္ဂလန်အသင်း ပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုများ |
|---|
| ၃၂ သင်းအဆင့် ရလဒ် |
| အင်္ဂလန် ၂-၁ ကွန်ဂို |


**ကီညိုနက်စ် (တိုက်စစ် - မက္ကဆီကို)**



✓ နေရာစုံ ကစားနိုင်သည့်အပြင် ဂိုးသွင်းထက်မြက်မှုရှိခြင်း။

**ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၄ ကြိမ်**

**ဟယ်ရီကိန်း (တိုက်စစ် - အင်္ဂလန်)**



✓ နိုင်လိုစိတ်ပြင်းထန်ပြီး ဂိုးသွင်းရာမှာ ထူးချွန်ခြင်း။

**ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၅ ကြိမ်**

■ ဇူလိုင် ၆ ရက် ပွဲစဉ်ဇယား (မြန်မာစံတော်ချိန်)

| ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့် | | | |
|---|---|---|---|
| ✓ | ဘရာဇီး - နော်ဝေ | နံနက် | ၂ နာရီခွဲ |
| ✓ | မက္ကဆီကို - အင်္ဂလန် | နံနက် | ၆ နာရီခွဲ |

### နိုင်ငံတကာကစားသမားဘဝမှ တိုက်စစ်မှူး ဗလန်စီယာအနားယူ

အီကွေဒေါတိုက်စစ်ကစားသမား အန်နာဗလန်စီယာသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့်တွင် မက္ကဆီကို ကို ရှုံးနိမ့်ပြီးပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် နိုင်ငံတကာကစားသမားဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်း သိရသည်။ အသက် ၃၆ နှစ်အရွယ် ဗလန်စီယာသည် အီကွေဒေါ အသင်း၏ လာမည့်ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များတွင် ပါဝင်ကစားတော့မည်မဟုတ်ပေ။ ၎င်းသည် အီကွေဒေါအသင်းအတွက် ၁၀၉ ပွဲကစားပြီး ၄၉ ဂိုးသွင်းကာ အသင်း၏ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် စံချိန်တင်ထားသူ ဖြစ်သည်။

### နည်းပြ နဂယ်စမန်း ဂျာမနီအသင်းမှ နုတ်ထွက်

နဂယ်စမန်းသည် ဂျာမနီအသင်း ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခွာရပြီးနောက် နုတ်ထွက်သွားပြီ ဖြစ်သည်။ ၎င်းသည် ဂျာမနီအသင်းကို ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် စတင်တာဝန်ယူခဲ့ပြီး ၂၀၂၄ ခုနှစ် ဧပြီလတွင် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအထိ သက်တမ်းတိုးထားခဲ့သည်။ ထို့အပြင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ၂၀၂၈ ဥရောပချန်ပီယံရှစ်ပြိုင်ပွဲအထိ ထပ်မံသက်တမ်းတိုးထားသူ ဖြစ်သည်။

### နှစ်ပေါင်း ၈၈ နှစ်အတွင်း ရှုံးထွက်အဆင့် ပထမဆုံးနိုင်ပွဲရခဲ့သည့် ဆွစ်ဇာလန်

ဆွစ်ဇာလန်အသင်းသည် ကမ္ဘာ့ဖလား ၃၂ သင်းအဆင့်တွင် အယ်ဂျီးရီးယားကို နိုင်ပွဲရပြီးနောက် ၁၉၃၈ ခုနှစ်နောက်ပိုင်း ရှုံးထွက်အဆင့်တွင် ပထမဆုံးအကြိမ် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။ ဆွစ်ဇာလန်အသင်းသည် ၁၉၃၈ ကမ္ဘာ့ဖလားရှုံးထွက် ၁၆ သင်းအဆင့်တွင် နာမည်ကြီး ဂျာမနီကို နိုင်ပွဲရယူပြီး နောက်တစ်ဆင့်တက်လှမ်းထားခဲ့ပြီး ယခုအခါ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်သို့ လေးကြိမ်ဆက်တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

■ မိုးဇက်



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မဲဇာကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အင်းတော်မြို့နယ် နန့်သဲကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။









အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိခဲ့သည့် လေယာဉ်ပစ် စက်သေနတ်ကြီးနှင့် မော်တော်ယာဉ်ကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ကျေးရွာများအတွင်းနှင့် အဆိုပါကျေးရွာများ ပတ်ဝန်းကျင်တစ်ဝိုက်တွင် ယာယီခံစစ်စခန်းများ ပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။

❖ *ကျော့ဖုံးမှ*

လုပ်ဆောင်ရန် အခြေချနေထိုင်သော နတ်မဟုတ်လေးကျေးရွာနှင့် ဆည်ရွာတို့အားလည်းကောင်း၊ ဇွန် ၂၈ ရက်တွင် လယ်နောင်ကျေးရွာအားလည်းကောင်း၊ ဇွန် ၂၉ ရက်တွင် နတ်မဟုတ်ကြီးကျေးရွာအားလည်းကောင်း၊ ဇွန် ၃၀ ရက်တွင် သံဘိုကျေးရွာအားလည်းကောင်း အဆင့်ဆင့် သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် မြစ်ကြီးနား - ရွှေဘို မီးရထားလမ်းပေါ်ရှိ မဲဇာကျေးရွာနှင့် မြစ်ကြီးနား-ရွှေဘို ကားလမ်းပေါ်ရှိ နန့်သဲကျေးရွာတို့အား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှု များစွာဖြင့် ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားကြကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် စစ်ဆင်ရေးကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ် ထိတွေ့မှု စုစုပေါင်း ၃၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ခုနစ်လောင်း၊ လေယာဉ်ပစ် စက်သေနတ် အပါအဝင် လက်နက်မျိုးစုံ ၁၂ လက်၊ အကြမ်းဖက် လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ် နှစ်စီး၊ Drone များ၊ Drone ဗုံးသီးများ၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သောပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေးကဏ္ဍတို့ကို ပြန်လည်ဖော်ဆောင် ပေးနိုင်ရန်အတွက် လိုအပ်သည်များကို ပြည်သူလူထုနှင့် လက်တွဲ၍ ဆက်လက်ဖော်ဆောင် ပေးသွားမည်ဖြစ်ပြီး နယ်မြေလုံခြုံရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှုပြ မြေပုံ။

▲ *ကျော့ဖုံးမှ*

ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ကိုးထပ်အဆောက်အအုံတစ်လုံးကို ထပ်မံ၍စနစ်တကျ ဖောက်ခွဲဖြိုချ ဖျက်ဆီးခဲ့သည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားဖြင့်ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် ကိုးထပ်အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၈ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ကိုးလုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အာဂျင်တီးနား၊ အီဂျစ်၊ ကိုလံဘီယာတို့ ကမ္ဘာ့ဖလား ၁၆ သင်းအဆင့် တက်ရောက်

ကမ္ဘာ့ဖလား လက်ရှိချန်ပီယံ အာဂျင်တီးနားအသင်းသည် ၃၂ သင်းအဆင့် ရှုံးထွက်ပြိုင်ပွဲတွင် ကိတ်ဗာဒီအသင်းကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။ အဆိုပါပွဲစဉ်ကို ဇူလိုင် ၄ ရက် နံနက် ၄ နာရီခွဲက မိုင်ယာမီကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည်။

အာဂျင်တီးနားအသင်း သည် ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်တွင် အီဂျစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နံနက် ၁၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဩစတြေးလျနှင့် အီဂျစ်အသင်းပွဲစဉ်တွင် အီဂျစ်အသင်းက ပယ်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သည်။

နံနက် ၈ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် ကိုလံဘီယာနှင့် ဂါနာအသင်းပွဲစဉ်တွင် ကိုလံဘီယာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သည်။ ကိုလံဘီယာအသင်းသည် ၁၆ သင်းအဆင့်တွင် ဆွစ်ဇာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **အောင်ဇော်**

❍ *ကျော့ဖုံးမှ*

ယနေ့ ၆ ပေါက်တန်း (အမျိုးသား) ပြိုင်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ရမှတ် ၅၃၀၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၁၂၆၈ မှတ်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၇၆၀၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ရမှတ် ၁၀၇၉ မှတ်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းက ရမှတ် ၉၃၁ မှတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ရမှတ် ၁၁၆၀ နှင့် ပညာရေးဝန်ကြီးဌာနအသင်းက ရမှတ် ၈၄၅ မှတ် ရရှိကြသည်။

ဝန်ကြီးဌာနများ အလိုက် ယှဉ်ပြိုင်မှုများအပြီးတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၁၄၀၈ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၁၃၉၆ မှတ် စုစုပေါင်းရမှတ် ၂၈၀၄ မှတ်ဖြင့် ပထမ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အသင်းက ပထမနေ့တွင် ရမှတ် ၁၂၈၉ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၁၃၄၈ မှတ် စုစုပေါင်းရမှတ် ၂၆၃၇ မှတ်ဖြင့် ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ပထမနေ့တွင် ရမှတ် ၁၂၁၅ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၁၂၆၈ မှတ် စုစုပေါင်းရမှတ် ၂၄၈၃ မှတ်ဖြင့် ပူးတွဲတတိယ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၁၀၈၆ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၁၁၆၀ စုစုပေါင်းရမှတ် ၂၂၄၆ မှတ်ဖြင့် ပူးတွဲတတိယရရှိကြသည်။

ထို့အတူ ၄ ပေါက်တန်း (အမျိုးသမီး)ပြိုင်ပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၆၇၁ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၆၅၅ မှတ် စုစုပေါင်းရမှတ် ၁၃၂၆ မှတ်ဖြင့် ပထမ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၆၀၉ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၆၅၆ မှတ် စုစုပေါင်းရမှတ် ၁၂၆၅ မှတ်ဖြင့် ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၆၀၈ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၅၈၅ မှတ် စုစုပေါင်းရမှတ် ၁၁၉၃ မှတ်ဖြင့် ပူးတွဲတတိယ၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၄၃၁ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၄၂၂ မှတ် စုစုပေါင်းရမှတ် ၈၅၃ မှတ်ဖြင့် ပူးတွဲတတိယ ရရှိခဲ့သည်။

ဇူလိုင် ၆ ရက်တွင် ၆ ပေါက်တန်း(အမျိုးသား) ပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်အဖြစ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်း၊ ၄ ပေါက်တန်း (အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်အဖြစ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ထို့အတူ ဇူလိုင် ၅ ရက်တွင် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ Linking(Event-3) (အမျိုးသမီး) ပြိုင်ပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ ပညာရေးဝန်ကြီးဌာန အသင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်း၊ Linking (Event-3) (အမျိုးသား) ပြိုင်ပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အသင်း၊ ပညာရေးဝန်ကြီးဌာန အသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

ဇူလိုင် ၁ ရက်မှ ၆ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပလျက်ရှိသည့် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲများကို မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

တောမဲ့မြေသား၊ ရေတိုက်စား၏။



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ မေတ္တာတော်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင် ပြန်လည်ရွေးချယ်ပွဲအခမ်းအနားကို ဇွန် ၄ ရက်က အမှတ်(၇)ရပ်ကွက် ဓမ္မာရုံ၌ကျင်းပစဉ်။ အေးမဠူ



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ (၁၀၄)ကြိမ်မြောက် သမဝါယမနေ့ အခမ်းအနားကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက စာရင်းရေး၊ စာရင်းကိုင် အသက်မွေးပညာသင်တန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်မျိုးတင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

တိုင်းဒေသကြီး(ပြန်/ဆက်)



မွန်ပြည်နယ် ချောင်းဆုံမြို့နယ် လင်းရောင်ခြည် (ပညာရေး) ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ ကိုကျော်(ချောင်းဆုံ)



မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ (၁၀၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်သမဝါယမအသင်းစုလီမိတက်မှ ဥက္ကဋ္ဌဦးစံသောင်းနှင့်အမှုဆောင်များက မြို့နယ်သမဝါယမဦးစီးဌာနရှိ ဝန်ထမ်းများနှင့် အမှုဆောင်အဖွဲ့များ၊ အသင်းဝန်ထမ်းများအား ဆီနှင့်ကြက်သွန်များ ပေးအပ်စဉ်။

မြို့နယ်(ပြန်/ဆက်)



မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက်က ညောင်ရွှေမြို့နယ် သဲကျင်းကျေးရွာ အင်းလေးကန်အရှေ့ကြိုးဝိုင်းကာကွယ်တော၌ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ပျိုးပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးစဉ်။ စိုင်းအယ်ဘဲ

## သာယာဝတီမြို့နယ်၌ ရပ်ကွက် / ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဖွင့်

သာယာဝတီ ဇူလိုင် ၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်းရှိ တာဝန်ထမ်းဆောင်နေသော ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ အနေဖြင့် စွမ်းဆောင်ရည်မြှင့်မားလာစေရန်အတွက် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း(၁/၂၀၂၆)ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက သာယာဝတီမြို့ ဆရာစံခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းကို သာယာဝတီမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၆၉ အုပ်စုမှ အုပ်ချုပ်ရေးမှူးများကို ဇူလိုင် ၂၈ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဝတီ**

## မင်းဘူးခရိုင်၌ ဒေသဖွံ့ဖြိုးရေးသုံးပစ္စည်းများ ပေးအပ်

မင်းဘူး ဇူလိုင် ၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း၌ လုပ်ငန်းထူထောင်မည့်သူများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်း ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က ဌာနသင်တန်းလေးခုမှ ထူးချွန်သူများအား ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်ရန်အတွက် တစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့်ညီမျှသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများကို



ပေးအပ်ပြီး လုပ်ငန်းမှတ်ပုံတင်များ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်မောင် (မင်းဘူး)**

## ရေးမြို့နယ်၌ ရပ်ကွက် / ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်



ရေး ဇူလိုင် ၄

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအတွက် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး သင်တန်း (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဇာနည်မင်းထက်နှင့် (ခေတ္တ)ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က သင်တန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်သည်။ သင်တန်းတွင် သင်တန်းသား ၃၂ ဦးတို့အား ဇူလိုင် ၂၈ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**

## မြန်အောင်မြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

မြန်အောင် ဇူလိုင် ၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT)ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်ဥပဒေအရာရှိ ဒေါ်စွမ်းရည်မြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဥပဒေ၊ နည်းဥပဒေများ၊ ရာဇသတ်ကြီးနှင့် ရာဇဝတ်ကျင့်ထုံး ဥပဒေများကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး ရပ်ကွက်၊



ကျေးရွာအုပ်စု ၇၃ အုပ်စုမှ အုပ်ချုပ်ရေးမှူးများအား သုံးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မြန်မာ့အလင်း အယ်ဒီတာ့ထံပေးစာ

## လင်းဆွဲ သူခိုးများကို အရေးယူပေးစေလို

သို့

အယ်ဒီတာခင်ဗျား

သဃ်န်းကျွန်းမြို့နယ်၊ စံပြဈေးအနီး လေးထောင့်ကန်လမ်းမကြီးတစ်လျှောက်၌ မနက်ဝေလီဝေလင်းအချိန် နေအိမ်များတွင် အလစ်သုတ် ခိုးယူမှုများ ပိုမိုများပြားစွာဖြစ်ပွားလျက်ရှိပါသည်။ ထိုသူများက နံနက် ၄ နာရီဝန်းကျင်တွင် ရပ်ကွက်အတွင်း နေအိမ်များကို လှည့်ပတ်ကြည့်ရှုကြပြီး မီးကြိုး၊ အင်တာနက်ကြိုးများကို ဖြတ်တောက်ခိုးယူကြသကဲ့သို့၊ မိုးတွင်းကာလ တိုက်ခန်းနေပြည်သူများက မဖြစ်မနေလှမ်းထားရသည့် အဝတ်အစားအစိုများ၊ ထီးများမှာ နေ့စဉ်နှင့်အမျှ လင်းဆွဲသူခိုးများကြောင့် ပျောက်ဆုံးနေကြရပါသည်။ ထို့အပြင် အချို့တိုက်များမှာ နေ့ည လူအဆင်းအတက်များသဖြင့် တိုက်လှေခါးသော့မခတ်နိုင်ကြရာ အပေါ်ထပ်များသို့ပင်တက်၍ တံခါးသော့များဖွင့်ရန်ကြိုးပမ်းခြင်း၊ အခန်းဝမှ ဖိနပ်၊ ထီးများ ယူဆောင်သွားခြင်းတို့ကို ပြုလုပ်နေကြပါသည်။ သူခိုးများမှာ အရွယ်စုံပါဝင်ပြီး အုပ်စုလိုက်လာရောက်ကြပါသည်။ ထိုအဖွဲ့များတွင် ကလေးသူငယ်များပင် ပါဝင်သည်ကို မြင်တွေ့ရပါသည်။ အဆိုပါ သူခိုးများအား ထိထိရောက်ရောက်အရေးယူပေးပါရန် မြန်မာ့အလင်းသတင်းစာမှတစ်ဆင့် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။

**ကိုတင်ထွန်း (စံပြဈေး)**

## အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့လိုပါလျှင်

အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသား၍ အယ်ဒီတာ့ထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ် (၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အီးမေးလ်လိပ်စာ- mmalin.npt@gmail.com သို့ အယ်ဒီတာ့ထံပေးစာကဏ္ဍဟု ခေါင်းစဉ်တပ်၍ လိပ်မူပေးပို့နိုင်ပါသည်။

## တောင်ငူမြို့ အထက(၄)၌ တောင်ငူခွံ့ဝါသီးမွှေးငှက်ပျောစိုက်ပျိုး



**တောင်ငူ ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အထက (၄)၌ ဇူလိုင် ၂ ရက်က တောင်ငူခွံ့ဝါသီးမွှေးငှက်ပျောစိုက်ပျိုးပွဲ ကျင်းပရာ တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ အသင်းအဖွဲ့ဝင်များနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ စုစုပေါင်း ၇၀၀ ခန့်က တောင်ငူခွံ့ဝါသီးမွှေးငှက်ပျောမျိုး စုစုပေါင်း ၆၇၂ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ဇော်ကိုကို**

## တောင်ဥက္ကလာပမြို့နယ်၌ ဥပဒေအသိပညာပေး ပြည်သူ့စကားဝိုင်းကျင်းပ

**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ဥပဒေအသိပညာပေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို အမှတ်(၁၂) ရပ်ကွက် မာဃဓမ္မာရုံ၌ ဇွန် ၃၀ ရက်က ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိုးသူဇာက အမှာစကား ပြောကြားသည်။



ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဒေါ်ဥမ္မာသွယ်၊ မြို့နယ် ရဲတပ်ဖွဲ့ ဒုရဲအုပ်၊ အမှတ်(၂၆) ယာဉ်ထိန်းရဲတပ်ဖွဲ့ စုမှူးနှင့် မြို့နယ်စည်ပင်သာယာမှ ဒုတိယဦးစီးမှူးတို့က တရားဥပဒေစိုးမိုးရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ မှုခင်းပညာပေးဆိုင်ရာ စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

## လယ်ဝေးမြို့နယ်၌ လူငယ်အသိပညာပေးဟောပြော

**လယ်ဝေး ဇူလိုင် ၄**

လယ်ဝေးမြို့နယ်၌ လူငယ်အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ လယ်ဝေးမြို့နယ် သာသနာရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးဝင်းအောင်နှင့် တာဝန်ရှိသူများက ဗုဒ္ဓနှင့် ဗုဒ္ဓဘာသာဝင်အကြောင်း၊ သီလအကျိုး၊ ဗုဒ္ဓဘာသာဝင် ငါးမျိုး၊ ဩကာသကန်တော့ချိုးတွင် ပါဝင်သည့်အဓိပ္ပာယ်များ၊ သားသမီးကျင့်ဝတ်၊ တပည့်ကျင့်ဝတ်များ၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးပူဇော်ခြင်းအကျိုး၊ သီလစောင့်ထိန်းခြင်းနှင့် သည်းခံခြင်း၏အကျိုးနှင့် (၃၈)ဖြာ မင်္ဂလာတရားတော်ကဗျာများ



အကြောင်း အသိပညာပေးပြောကြားသည်။ ထို့နောက် ဉာဏ်စမ်းမေးခွန်းများ မေးမြန်းကာ အဖြေမှန်သူများအား ဆုချီးမြှင့်ပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## မအူပင်မြို့၌ ဆေးပဒေသာပင်စိုက်ထူခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မအူပင် ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ (၁၀၄) ကြိမ်မြောက် အပြည်ပြည်



ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇွန် ၃၀ ရက်က မအူပင်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးသန့်စင် ဦးဆောင်မှုဖြင့် သမဝါယမဝန်ထမ်းများစုပေါင်း၍ မအူပင်ဘိုးဘွားရိပ်သာဝင်း အတွင်း စုပေါင်း၍ တံမြက်စည်းလှည်းခြင်း၊ သက်ကြီးဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းရေး ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဘိုးဘွားများအတွက် ဆေးပဒေသာပင် စိုက်ထူခဲ့ရာ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးစိုးဝင်းက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## တိရစ္ဆာန် အာဟာရဗေဒ သင်တန်းဖွင့်

**ချောင်းဆုံ ဇူလိုင် ၄**

ချောင်းဆုံမြို့နယ်၌ တိရစ္ဆာန်အာဟာရဗေဒသင်တန်းကို ဇူလိုင် ၂ ရက်က ကွမ်သဲကျေးရွာ Cyclone Shutter ၌ ဖွင့်လှစ်ရာ အသက်အပိုင်းအခြားအလိုက် ကျွေးမွေးရမည့်နည်းလမ်းများ၊ ရာသီအလိုက် ရောဂါကာကွယ်ရမည့်နည်းလမ်းများနှင့် တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအနေဖြင့် ဝက်အပြင်းဖျားရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးဟောပြောခြင်းကို မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက နည်းပြအဖြစ် ဆောင်ရွက်ကာ သင်တန်းသား သင်တန်းသူ ၁၅ ဦးတို့အား နှစ်ရက်ကြာ



ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## မောက်မယ်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော



**မောက်မယ် ဇူလိုင် ၄**

မောက်မယ်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁ ရက်က အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်အေးမြင့်ခိုင်က အမှာစကားပြောကြားပြီး မောက်မယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သက်ခိုင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် မြို့မစခန်းမှူး ဒုရဲမှူးမြင့်မောင်က မှုခင်းကျဆင်းရေး အသိပညာပေးအကြောင်းများကို ရှင်းလင်းဟောပြောခဲ့သည်။

**နန်းမိုခမ်း(ပြန်/ဆက်)**

## ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်းများဖွင့်

**မော်လမြိုင်ကျွန်း**

မော်လမြိုင်ကျွန်းမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကား ပြောကြားသည်။ အဆိုပါသင်တန်းကို ဇူလိုင် ၁ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး စုစုပေါင်း ၁၂၁ ဦး တက်ရောက်ကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ဆက်)**

**မိုင်းဆတ်**

ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁ ရက်က မိုင်းဆတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးစိုးရွှေက အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ၃၅ ဦး တက်ရောက်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၂၈ ရက်အထိ ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

**ဘီးလင်း**

ဘီးလင်းမြို့နယ်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျိုက်ထိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်က သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ အဆိုပါသင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၂၆ ဦး တက်ရောက်ပြီး ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်သည်။

**မြို့နယ် (ပြန်/ဆက်)**

**ရွှေကူ**

ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို ဇူလိုင် ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုးစံက အမှာစကား ပြောကြားပြီး သင်တန်းသားများအား စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် သင်တန်းကို ဆက်လက်ပို့ချပေးရာ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက ဇူလိုင် ၁ ရက်မှ ၂၈ ရက်အထိ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**လင်းခေး**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်၌ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးက အမှာစကားပြောကြားပြီး သင်တန်းသားများထံ သင်တန်းထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။ အဆိုပါသင်တန်းကို ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ၇၀ တက်ရောက်ခဲ့ကြပြီး ဇူလိုင် ၂၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**

## ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**မော်လမြိုင် ဇူလိုင် ၄**

ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂ ရက်က မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ရွှေဟင်္သာခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဥပဒေချုပ် ဒေါ်မိသန္တာမြင့် အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မော်လမြိုင်ခရိုင် ဥပဒေအရာရှိတို့က အုပ်ချုပ်ရေးဆိုင်ရာများနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားကာ ကျိုက်မရောမြို့နယ်မှ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၃၈ ဦးတို့အား မော်လမြိုင်ခရိုင်နှင့် ကျိုက်မရောမြို့နယ်ဥပဒေရုံးတို့မှ ဥပဒေအရာရှိများက ဥပဒေရေးရာဘာသာရပ်များကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## မြစ်သားမြို့နယ်၌ အသက်(၁၉)နှစ်အောက် ကျောင်းပေါင်းစုံ(အမျိုးသမီး) ဘောလုံးပြိုင်ပွဲကျင်းပ



**မြစ်သား ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ၂၀၂၄ ခုနှစ် မြို့နယ်ပညာရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌဖလား အသက် ၁၉ နှစ်အောက် ကျောင်းပေါင်းစုံ (အမျိုးသမီး) ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင်၁ရက်က မြို့နယ်အားကစားကွင်းအတွင်း၌ ကျင်းပရာ မြို့နယ်ပညာရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့် တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်တို့က အားကစားသမားများအား လိုက်လံအားပေးသည်။

ထို့နောက် အသက် ၁၉ နှစ်အောက် ကျောင်းပေါင်းစုံ (အမျိုးသမီး)ဘောလုံးအသင်းမှ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းအသင်းနှင့် ဉာဏ်မီးအိမ်ကိုယ်ပိုင် အထက်တန်းကျောင်းအသင်းတို့က စတင်ယှဉ်ပြိုင်ကစားကြသည်။ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁ ရက်မှ ၁၃ ရက်အထိ အသင်း ၁၃ သင်းက အုပ်စုများခွဲ၍ အုပ်စုပတ်လည် ကစားမည်ဖြစ်သည်။

**ဝါဝါမြင့်(မြစ်သား)**

## မိုင်းဆတ်မြို့၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး



**မိုင်းဆတ် ဇူလိုင် ၄**

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းက မိုင်းဆတ်မြို့ရှိ မိုင်းဖုန်းဆရာတော်ဘုန်းတော်ကြီးကျောင်းဝင်းတွင် ကျင်းပရာ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ပျိုးပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(မိုင်းဆတ်)**

## ပုလောမြို့နယ်၌ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော



**ပုလော ဇူလိုင် ၄**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီ သစ်ပင်စိုက်ပျိုးရေး၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြကိုက အမှာစကား ပြောကြားပြီး မြို့နယ်သစ်တော ဦးစီးဌာနမှူး ဦးတင်အောင်မျိုးက မိုးရာသီကာလအတွင်း သစ်ပင်စိုက်ပျိုးရန်၊ သစ်ပင်များ၏ အကျိုးကျေးဇူးများ၊ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အကြောင်းအရာများကို ဟောပြော ဆွေးနွေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## မိုင်းတုံမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မိုင်းတုံ ဇူလိုင် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းက မိုင်းတုံ-မိုင်းဆတ်သွားကားလမ်း ၄ မိုင်အနီး နမ့်စန်ကြိုးဝိုင်းတွင် ကျင်းပရာ နယ်မြေခံတပ်နယ်မှူး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက ပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လားရှိုးမြို့၌ ပျားမွေးမြူရေးပညာပေး သင်တန်းဖွင့်

**လားရှိုး ဇူလိုင် ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ မြို့နယ်ပျားမွေးမြူမှုဖွံ့ဖြိုးရေးတာဝန်ခံရုံးမှ ပြည်သူတိုးချဲ့ပျားမွေးမြူရေး ပညာပေးသင်တန်းကို ဇူလိုင် ၂ ရက်က ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲရုံး၌ ဖွင့်လှစ်ရာ မြို့နယ်တာဝန်ခံ ဦးကြည်ခိုင်က ပျားမွေးမြူခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ဆီထွက်သီးနှံနေကြာ၊ နှမ်းသီးနှံတို့ကို ပျား ဝတ်မှုန်ကူးခြင်းဖြင့် သီးနှံအထွက်တိုးစေခြင်းတို့ကို မွေးမြူရေး တောင်သူများအား သင်ကြားပေးသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၄၀ အား ဇွန် ၂၉ ရက်မှ ဇူလိုင် ၃ ရက်အထိ သင်ကြားပေးခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## လိူင်းဘွဲမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



**ဘားအံ ဇူလိုင် ၄**

လှိုင်းဘွဲမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းကို ယမန်နေ့ နံနက်က ဒိုင်းပြကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ မြို့နယ်ဦးစီးမှူး ဦးစည်သူအောင်နှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၁၁၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များကို ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇင်လေး(ပြန်/ဆက်)**

**စုပေါင်းကာကွယ် မီးဘေးအန္တရာယ်၊ မီးဘေးရှောင် မလောင်ခင်တား။**



ဘီးလင်းမြို့နယ်၌ (၁၀၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇူလိုင် ၂ ရက်က မြို့နယ်သမဝါယမအသင်းစုနှင့် အခြေခံသမဝါယမအသင်းတို့ စုပေါင်း၍ မြင်သာထေရဝါဒ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆရာတော် ဒေါက်တာ အရှင်ကုဏ္ဍလထံ အလှူငွေကျပ် ခုနစ်သိန်းကို ဆက်ကပ်လှူဒါန်းစဉ်။ မြို့နယ်(ပြန်/ဆက်)



တန့်ယန်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက်က အောင်တော်မူစေတီတော်၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ပျိုးပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးစဉ်။ မြို့နယ်(ပြန်/ဆက်)



ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို စစ်ကိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂ ရက်က ဖွင့်လှစ်ရာ သင်တန်းသား သင်တန်းသူများအား မြို့နယ်ဥပဒေ အရာရှိ ရှစ်ဦးဖြင့် သုံးရက်ကြာ သင်ကြားပို့ချခဲ့စဉ်။ နေလင်းအောင်(ပြန်/ဆက်)



တံတားဦးမြို့နယ် အမှတ်(၃)ရပ်ကွက် တစီးရှင်ရပ် ရင်ခွင်သစ် KTV ဆိုင်ကို ဇူလိုင် ၁ ရက်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သူအောင်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းဆောင်ရွက်စဉ်။ ရဲတင့်(ပြန်/ဆက်)



နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေးစုကျေးရွာမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၃/၂၀၂၄) တွင် ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီးမြောက်ခဲ့သူတစ်ဦးကို ဇူလိုင် ၃ ရက်က ရွာအဝင်လမ်းတစ်လျှောက် မိသားစုဝင်များ၊ ရွှေးစုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများက ဂုဏ်ပြုကြိုဆိုကြစဉ်။ တင်စိုးလွင်(ပြန်/ဆက်)

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**၂၀၂၆ ခုနှစ်၊ တရားမအယူခံမှုအမှတ် - ၂၀၅**

ဒေါ်စိုးစိုး နှင့် (၁) ဦးသိန်းမင်းနိုင်
(၂) ဦးကျော်မြင့်သိန်း
(၃) ဦးစိုးထက်အောင်
(၄) ဦးဘိုဘိုမြင့်လွင်

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၂၅ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၉ ၏ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကွမ်းခြံကုန်းကျေးရွာ၊ စစ်စီးတောနေ အယူခံ တရားပြိုင်အမှတ် (၃) ဦးစိုးထက်အောင် နှင့် အယူခံတရားပြိုင်အမှတ်(၄) ဦးဘိုဘိုမြင့်လွင် (ယခုလိပ်စာမသိနေသူများ) သိစေရမည်။

ယခုအမှုတွင် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်က ချပေးသည့် ဒီကရီကို အထက်အမည်ပါ အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်တို့အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်တို့က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မေလတ်)
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကန်အောက်ရပ်ကွက်နေ ဦးနေမျိုးအောင် (၈/တတက(နိုင်)၀၈၉၉၈၈) (ဘ) ဦးတင်ဝင်း (အမှုဆောင်ဒါရိုက်တာ) (လင်းသီဟ လျှပ်စစ်နှင့်အထွေထွေဝန်ဆောင်မှုကုမ္ပဏီလီမိတက်)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် လင်းသီဟ လျှပ်စစ်နှင့်အထွေထွေဝန်ဆောင်မှုကုမ္ပဏီလီမိတက် တို့ သဘောတူချုပ်ဆိုထားသော (၆-၆-၂၀၁၇) ရက်စွဲပါ ပဋိညာဉ်စာချုပ်စာတမ်းများအရ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ တောင်ကြီးမြို့နယ်တွင် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးခြင်းနှင့် လက်လီရောင်းချခြင်းလုပ်ငန်းကို လင်းသီဟ အထွေထွေဝန်ဆောင်မှုကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ လျှပ်စစ်ဓါတ်အားသုံးစွဲသူများထံသို့ လစဉ်ဖြန့်ဝေလျက်ရှိသော မီတာဘေလ် ရှေ့စာမျက်နှာတွင် တိုင်ကြားရန်ဖုန်းနံပါတ်များ၊ နောက်စာမျက်နှာတွင် "ဓာတ်အား သုံးစွဲသူများသို့ ပန်ကြားချက် "များ အသီးသီးဖော်ပြ၍ အသိပေးနှိုးဆော်ထားရှိပြီးဖြစ်ပါသည်။ လင်းသီဟ လျှပ်စစ်နှင့် အထွေထွေဝန်ဆောင်မှု ကုမ္ပဏီလီမိတက်နှင့်ပတ်သက်၍ဖြစ်စေ၊ လင်းသီဟ လျှပ်စစ်နှင့် အထွေထွေဝန်ဆောင်မှုကုမ္ပဏီလီမိတက်မှ တာဝန်ယူလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော လျှပ်စစ်ဓါတ်အားဖြန့်ဖြူးခြင်းနှင့် လက်လီရောင်းချခြင်း လုပ်ငန်းနှင့်ပတ်သက်၍ဖြစ်စေ ကုမ္ပဏီ၏ ပုံရိပ်ကို ထိခိုက်နစ်နာစေရန် မဟုတ်မမှန် သတင်းအမှားများ ပြောဆိုခြင်းကိုလည်းကောင်း၊ လူမှုကွန်ယက်စာမျက်နှာများတွင်ဖြစ်စေ အခြား Electronic Device တစ်ခုခုကို အသုံးပြု၍ဖြစ်စေ မဟုတ်မမှန် ရေးသားဖော်ပြခြင်း၊ Post တင်ခြင်း၊ Like ပေးခြင်း၊ Comment များရေးသားခြင်း၊ Share ခြင်းများအားလည်းကောင်း ခွင့်မပြုပါကြောင်းနှင့် ထိုသို့ပြုလုပ်ခဲ့ပါက လင်းသီဟ လျှပ်စစ်နှင့်အထွေထွေဝန်ဆောင်မှု ကုမ္ပဏီလီမိတက်က တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေမျိုးအောင် (အမှုဆောင်ဒါရိုက်တာ)**
**(လင်းသီဟလျှပ်စစ်နှင့် အထွေထွေဝန်ဆောင်မှုကုမ္ပဏီလီမိတက်)၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်ယု (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၆)**
**အခန်းအမှတ် (၁၀၃)၊ မြေညီထပ်၊ (၅) ထပ်တိုက်၊**
**အမှတ် (၁၇၆)၊ မြောက်ကျောင်းလမ်း၊ မြို့မရပ်ကွက်၊ တောင်ကြီးမြို့**
**ဖုန်း - ၀၉-၇၉၂၂၈၃၈၀၈ ၊ ၀၉-၈၈၁၇၈၉၂၉၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၅၀၉၂၁ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလတ် ၁၀/ကမရ(နိုင်)၀၉၈၆၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၆၈၆၅၃ ယာဉ်လက်ဝယ်ရှိသူ ဦးသူရကျော် ၃/ဘအန(နိုင်)၄၂၂၅၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကန်သာဦးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၆၇၈/ရွာသစ်)၊ ဦးပိုင်အမှတ်(၁၀၇(ဆ))၊ ဧရိယာ(၀.၄၄၅)ဧကရှိမြေသည် မြို့မြေအမှုတွဲအမှတ်၊ 45 VRP 2020-2021 အရ ဒေါ်ညွန့်ညွန့်သန်း အမည်ဖြင့် (၂၀-၁-၂၀၂၁)မှ (၁၉-၁၂-၂၀၅၁) အထိ နှစ် (၃၀) ရရှိထားသောမြေဧရိယာအနက်မှ မုံရွာမြို့၊ ကန်သာဦးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၆၇၈/ရွာသစ်)၊ ဦးပိုင်အမှတ် (၁၀၇(ဇ))၊ ဧရိယာ(၀.၀၅၅)အား ဦးဆွေလင်း အမည်ဖြင့် မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၂၄-၆-၂၀၂၆)ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ နေသူရိန်လမ်းနေ(ဘ) ဦးကျော်အေး ၏သမီး ဒေါ်ဝင်းမူ (ခ) ဒေါ်လှမြင့် ၈/ပခက(နိုင်)၂၆၁၂၅၅ မှ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ နေသူရိန်လမ်းရှိ အကွက်အမှတ်-၁၊ အောင်သာကံကွင်း၊ ဦးပိုင်အမှတ်-၁၉၁၊ ဧရိယာ (၀.၉၁)ဧကရှိ မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း ဧရိယာ (၀ . ၀၅၄) ဧက မြေကွက်ပေါ်တွင် ၁၉၈၉ ခုနှစ် ကတည်းက ကျွန်မ ဒေါ်ဝင်းမူ (ခ) ဒေါ်လှမြင့် နေထိုင်လာခဲ့သည် မှာ နှစ်ပေါင်း(၃၀)နှစ်ကျော် ကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား ယခုအခါ ကျွန်မ အမည်ပေါက် ဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဒေါ်ဝင်းမူ (ခ) ဒေါ်လှမြင့် ဂရန်အမည်ပေါက်ရရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်ဝင်းမူ (ခ) ဒေါ်လှမြင့်**
**နေသူရိန်လမ်း၊ အမှတ် (၄) ရပ်ကွက်၊ ပခုက္ကူမြို့**
**ဖုန်း-၀၉-၂၅၈၆၇၈၆၅၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၃၂၉၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းအေး ၁၀/ကမရ(နိုင်)၁၉၆၈၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/94260, Sonya-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်ကောင်းထက် ၅/မရန (နိုင်) ၃၀၄၀၅၂ က (ကမ - ၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာ)မြို့**

## မွေးသက္ကရာဇ်မှန်၊ ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ၊ အထက- ကျွန်းကလေး Grade-12 မှ မောင်အောင်ပြည့်ဖြိုး၏မွေးသက္ကရာဇ် အမှန်မှာ ၁၁-၆-၂၀၀၉ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမြင့်ဝေ ၈/ပခက(နိုင်) ၁၃၂၅၁၆ ဖြစ်ပါကြောင်း။

## အများသိစေရန် အသိပေးကြေညာခြင်း

အမှတ် (၇)၊ သရက်တောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော FOR YOUR DERAM CO.Ltd., & YaSuka Japanese and Korean Language Academy ၏ CEO- ဦးအောင်မျိုးထက်(ခ)ဦးဥက္ကာအောင် (၈/ပဖန(နိုင်)၁၂၀၀၃၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

FOR YOUR DERAM CO.Ltd.,သည် (၁၇-၆-၂၀၂၂)ရက်မှစ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တရားဝင်ခွင့်ပြုချက်အမှတ် (NO-၁၃၃၉၁၃၉၆၃/ ၂၀၂၂)ဖြင့် ယနေ့တိုင် စဉ်ဆက်မပြတ် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီတစ်ခုအဖြစ် ကောင်းသတင်းများစွာဖြင့် ရပ်တည်လျက်ရှိပါသည်။ ယခုအချိန်တွင် မသမာသူလူတစ်စု၏ မဟုတ်မမှန်သော သတင်းများဖြန့်ဝေခြင်း၊ ကုမ္ပဏီ၏ လူမှုကွန်ရက်စာမျက်နှာ (Facebook Page)အား မှတ်တမ်းဓာတ်ပုံရယူလျက် Viber Group များတွင်ဖြစ်စေ၊ လူမှုကွန်ယက် စာမျက်နှာများတွင်ဖြစ်စေ၊ အခြားသော Online Media များတွင်ဖြစ်စေ မိမိတို့ Co.Ltd., ၏ သတင်းအချက်အလက်များကို စိတ်ဓာတ်ယုတ်ညံ့စွာဖြင့် ဂုဏ်သိက္ခာကျဆင်းစေရန်၊ စော်ကားရန် ရည်ရွယ်ချက်များဖြင့် မိမိ၏မူရင်း Account များဖြင့်မဟုတ်ဘဲ Account အတုများဖြင့် နောက်ကွယ်မှနေ၍ အရှက်မဲ့စွာ/စိတ်ဓာတ်အောက်တန်းကျစွာဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ကြပါသည်။ Co.Ltd. သို့ တိုက်ရိုက်ဝင်ရောက်နိုင်သော အချိတ်အဆက် (Link) များရယူလျက် မသမာသူ စိတ်ဓာတ်ယုတ်ညံ့သူလူတစ်စုက မကောင်းသတင်းဖြန့်ဝေလျက် ကုမ္ပဏီ၏ပုံရိပ် ကျဆင်းစေရန်သော်လည်းကောင်း၊ ဝန်ထမ်းများနှင့် ကုမ္ပဏီအားစော်ကားမှုများ ဆက်လက်လုပ်ဆောင်နေကြဆဲ ဖြစ်ပါသည်။

ထို့ကြောင့် ထိုကဲ့သို့ လုပ်ဆောင်လျက်ရှိသော မသမာသူလူတစ်စုအား ဆက်လက်လုပ်ဆောင်ခြင်းမပြုရန်နှင့် ထိုသို့ လက်ခံတင်ခွင့်ပြုသော Facebook page Admin များအားလည်း ဖော်ထုတ် အရေးယူသွားမည်ဖြစ်ပြီး၊ ထိုသို့ ဆက်လက်လုပ်ဆောင်နေမည်ဆိုပါက ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများဖြင့် ထိထိရောက်ရောက် ဖော်ထုတ်အရေးယူ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးအောင်မျိုးထက် (ခ) ဦးဥက္ကာအောင်**
**(၈/ပဖန(နိုင်)၁၂၀၀၃၁)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးဇက်အောင်ဆွေ**
**(LL.B, D.B.L, D.I.L.,)**
**အထက်တန်းရှေ့နေ (စဉ်-၄၆၇၀၉/၂၀၁၅)**
**အမှတ် (၇)၊ သရက်တောလမ်း၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**
**Ph-09-763873845/09-977122395**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ နယ်၊ အမှတ် (၄) ရပ်ကွက်၊ နေသူရိန်လမ်းနေ(ဘ) ဦးသိန်းတန် ၏သား ဦးသိန်းဝင်း (၈/ပခက(နိုင်)၀၅၂၆၀၉) မှ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ နေသူရိန်လမ်းရှိ အကွက်အမှတ်-၁၊ အောင်သာကံကွင်း၊ ဦးပိုင်အမှတ်- ၁၉၁၊ ဧရိယာ (၀.၀၉၁) ဧကရှိ မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ဧရိယာ (၀.၀၅၄)ဧက မြေကွက်ပေါ်တွင် ၁၉၈၉ ခုနှစ်ကတည်းက ကျွန်တော် ဦးသိန်းဝင်း နေထိုင်လာခဲ့သည်မှာ နှစ်ပေါင်း (၃၇) နှစ်ကျော် ကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား ယခုအခါ ကျွန်တော်အမည်ပေါက်ဂရန် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက် အတွင်းခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်တော့်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဦးသိန်းဝင်း ဂရန်အမည်ပေါက်ရရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးသိန်းဝင်း**
**နေသူရိန်လမ်း၊ အမှတ် (၄) ရပ်ကွက်၊ ပခုက္ကူမြို့**
**ဖုန်း-၀၉-၄၀၀၃၀၁၀၆၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/6091 ယာဉ်အမည်ပေါက်သူ ဦးသန်းရွှေ ၁၂/ဒပန(နိုင်) ၀၇၀၂၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဟ/၃၆၉၄ , Honlei 250 သုံးဘီး၊ ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ဆမ် (၁၃/ကတန (နိုင်) ၀၀၅၉၆၂) က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)၊**
**ကျိုင်းတုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/70640, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၉/ပဘန(နိုင်) ၀၈၇၇၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၆၆၉/ကံပြားလေး)၊ ဦးပိုင်အမှတ် (၅၄/၁-က/၅)၊ ဧရိယာ(၁.၃၆)ဧကရှိမြေအား ဦးသန်းမြင့်စိုးအမည်ဖြင့် မြေငှားစာချုပ်စက်မှုစီးပွား(အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၂၉-၆-၂၀၂၆) ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်စက်မှုစီးပွား (အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁)ရပ်ကွက်၊ ထိပ်တင်မှတ်(၂)လမ်း၊ မြေကွက်အမှတ်(၈၁၂) ဟု ခေါ်တွင်သော မြေအလျားxအနံ(၄၀x၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော [မြေကွက်အမှတ် (၈၁၁)နှင့်ကပ်လျက်အခြမ်း မြေအလျားx အနံ(၂၀x၆၀)ပေရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် နှစ် (၆၀) မြေငှားဂရန်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှဝင်း(ISN-550540)ထံမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်သော ဦးအောင်သက်လွင် ၁၂/အစန(နိုင်)၂၁၅၅၂၀ နှင့် ဒေါ်သီရိဝေ ၁၂/ဒဂရ(နိုင်)၀၁၄၄၀၆ တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်မြင့်ကြူ ၈/မကန(နိုင်)၂၁၇၈၄၅မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်တွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ် (၈၀၇)၊ ပတ္တမြား (၁) လမ်း ၊ (၅) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ ၂၈/ သုမင်္ဂလာရပ် ၊ ဈေးလေးအနောက်လမ်း၊ အိမ်အမှတ် (၁၀၉၅) နေ ဦးဝင်းရွှေ (၉/မမန(နိုင်)၀၁၉၅၃၁)နှင့် ဒေါ်တင်မူ (၉/ မမန(နိုင်)၀၁၈၇၇၈ )တို့၏ သားဖြစ်သူ မောင်ဝင်းဇော်ဦး (၉/ပဥလ(နိုင်) ၀၁၇၀၃၂ ) သည် မိဘဆွေမျိုးများအား အကြိမ်ကြိမ်အခါခါ ကိုယ်စိတ်နှစ်ပါး စိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်ခြင်း၊ မိဘဆွေမျိုးများ၏ ဆုံးမခြင်းအား နာခံခြင်းမရှိဘဲ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် မောင်ဝင်းဇော်ဦးနှင့် ပတ်သက်သည့် ကိစ္စအဝဝအားလုံးကို မိဘဆွေမျိုးများမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းရွှေ နှင့် ဒေါ်တင်မူ**
**ရပ်ကွက်ကြီး (၂)၊ ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/28430, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မိုး ၉/ဝတန(နိုင်) ၂၃၄၁၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/83109, Dayang 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နုနုဝင်း ၁၃/ကဟန(နိုင်)၀၂၇၇၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် TLR/6102 ၏ ဖောင်းကြွနံပါတ်ပြား (၁)ချပ် ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆) ရပ်ကွက်၊ ဗိုလ်ချိုလမ်း၊ အမှတ် (၇၉၈)နေ ဒေါ်ဆွေဆွေသင်း (၁၂/မရက(နိုင်)၀၀၀၉၈၂) နှင့် ဒေါ်တင်တင် ခိုင်(၁၂/မရက(နိုင်)၁၃၁၂၇၅) တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ မင်္ဂလာသုခ(၁)လမ်း၊ မြေကွက်အမှတ် (၁၃၂၈)၊ အကျယ်အဝန်း အလျား (၄၁) ပေ x အနံ (၆၀)ပေရှိ ဒေါ်သော်တာဦး အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင်ရှိသော ပျဉ်ထောင်အိမ် အပါအဝင် မီတာနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရတနာဖြိုး (၁၂/ဗဟန(နိုင်)၀၉၁၅၈၇)ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ-**
**ဒေါ်ဆွေဆွေသင်း**
**(၁၂/မရက(နိုင်)၀၀၀၉၈၂)**
**ဒေါ်တင်တင်ခိုင်**
**(၁၂/မရက(နိုင်)၁၃၁၂၇၅)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နုနုလှိုင် (LL.B)(D.B.L)(D.I.P.L)**
**တရားလွှတ်တော်ရှေ့နေ ၊ စဉ်-၁၅၂၂၃**
**(၂၇-၁၂-၂၀၁၈)**
**အမှတ် (၇၅၀)၊ ဇေဒါ (၂) လမ်း၊ (၈) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၂၅၀၆၅၈၃၃၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်
## သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
## “ကြေညာစာ”

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ၂၀၂၇ – ၂၀၂၈ ပညာသင်နှစ်အတွက် အရာရှိလောင်းဒီပလိုမာ သင်တန်းအမှတ်စဉ် (၂၀) ကို ၂၀၂၆ – ခုနှစ် နိုဝင်ဘာလတွင် အောက်ဖော်ပြပါအတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်–

၁။ သင်တန်းအမည် (က) ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း (CD/54)
(ခ) ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းသင်တန်း(CE/52)
(ဂ) ကုန်သွယ်ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်းသင်တန်း (CME/07)

၂။ ပေးအပ်မည့်ဒီပလိုမာ (က) ရေကြောင်းပညာဒီပလိုမာ (Diploma in Nautical Studies)
(ခ) ရေကြောင်းနည်းပညာဒီပလိုမာ (Diploma in Maritime Technology)
(ဂ) ရေကြောင်းလျှပ်စစ်နည်းပညာဒီပလိုမာ (Diploma in Maritime Electrical Technology)

၃။ သင်တန်းဝင်ခွင့် အရည်အချင်း (က) ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်းနှင့် ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာ အရာရှိလောင်းသင်တန်းများအတွက် KG+12 စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒ ဘာသာရပ်များပါဝင်သော (သိပ္ပံ/ဝိပ္ပံ) ဘာသာတွဲဖြင့် အောင်မြင်ပြီး၊ စုစုပေါင်းအမှတ် အနည်းဆုံး ၄၀၀ ရှိရမည်။ ကုန်သွယ်ရေကြောင်း လျှပ်စစ်နည်းပညာ အရာရှိလောင်း သင်တန်းများအတွက် KG+12 စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒ ဘာသာရပ်များ ပါဝင်သော (သိပ္ပံ/ဝိပ္ပံ) ဘာသာတွဲဖြင့် အောင်မြင်ပြီး၊ စုစုပေါင်းအမှတ် အနည်းဆုံး ၃၉၀ ရှိရမည်။
(ခ) ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင် အသက် ၂၀ နှစ်ထက် မကျော်လွန်စေရ။

၄။ သင်တန်းကာလ – ၂ နှစ်

၅။ လက်ခံမည့် သင်တန်းသားဦးရေ
(က) ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်း ၁၄၀ ဦး
(ခ) ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်း သင်တန်း ၁၄၀ ဦး
(ဂ) ရေကြောင်းလျှပ်စစ်နည်းပညာ အရာရှိလောင်းသင်တန်း ၄၀ ဦး

၆။ လျှောက်လွှာ လက်ခံမည့်ရက် – ၆–၇–၂၀၂၆ ရက်မှ ၃၁–၇–၂၀၂၆ ရက်ထိ။

**မှတ်ချက်။** (က) သင်တန်းဝင်ခွင့်ကို လူတွေ့ စစ်ဆေးရွေးချယ်မည်ဖြစ်ပါသည်။
(ခ) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ မော်ကွန်းထိန်းရုံး (ဖုန်း၊ ၀၉–၄၀၃၇၃၇၉၇၀)၊ သင်တန်းဌာန (ဖုန်း၊ ၀၉–၄၂၀၁၂၄၄၂၅) သို့ ဆက်သွယ်မေးမြန်းရန်နှင့် Website www.mmmc.edu.mm နှင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်– MMMC Facebook Page တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၈/၂)၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်(၆၈၁–က)၏ မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးခင်ဇော်(S/OKA–၀၉၂၃၅၉)နှင့် မြေကွက်အမှတ်(၆၈၁–ခ)၏ မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးဝင်းနိုင်ထွန်း (၁၂/ရပသ(နိုင်)၀၄၄၅၄၀) မြေအလျားXအနံ ပေ(၄၀X၆၀)အကျယ်အဝန်းရှိ မြေချပါမစ်မူရင်းမြေကွက် (၂)ကွက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား အရောင်းအဝယ် စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမိုနာ (၉/ခအဇ(ပြု)၀၀၀၂၉၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်သူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉–၇၇၂၇၇၇၇၃၂၊ ၀၉– ၅၅၆၉၉၆၇၇၆၊ ၀၉– ၉၇၃၀၀၂၁၁၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ ကန်ကြီးကျေးရွာအုပ်စု၊ ကန်ကြီးကျေးရွာ နေထိုင်သူ ကိုဝင်းလွင် ၉/တတဥ(နိုင်)၀၆၄၆၉၅ နှင့် ကိုဝင်းကိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ကိုဝင်းလွင်(ခ) ကိုဝင်းကို ၉/တတဥ(နိုင်)၀၆၄၆၉၅**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ် (၅/ ပဒေသာ)၊ ဦးပိုင်အမှတ် (၄၆၄)၊ မြေဧရိယာ(၀. ၀၅၅) ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်)လျှောက်ထားနိုင်ရေး ဒေါ်ခင်သိန်းအေး (၁၂ / ဗတထ(နိုင်)၀၀၉၃၇၈) မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ နန်းဆိုင်ဟန် ၁၃/သပန(နိုင်)၁၀၃၇၁၂ ၏ ဖခင်အမည်မှာ ဦးထွန်းလူနှင့် ဦးစိုင်းထွန်းလူဟူ၍ အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မိခင်အမည်မှန်မှာ ဒေါ်အေးခင်နှင့် ဒေါ်နန်းအေးခင်ဟူ၍ အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ–၂၇၊ ဦးပိုင်အမှတ် ၈၂–က/၄၃လမ်း၊ ၅၈x၅၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ချုံစေး ၁၃/လရန(နိုင်)၁၆၆၃၄၇၈က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

စေတုတ္တရာမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(နတ်ကြီး) ၂၀၂၆–၂၀၂၇ ပညာသင်နှစ် Grade–12 မှမသဇင်ထွေး၏ဖခင်အမည်မှန်မှာ ဦးအေးကို ၈/စတရ(နိုင်)၀၂၆၃၁၇ ဖြစ်ပါကြောင်း။ **ဦးအေးကို**

## မွေးသက္ကရာဇ်အမှန်

စေတုတ္တရာမြို့နယ် အခြေခံပညာမူလတန်းကျောင်း (သင်းပယ်) ကျောင်းတွင်တာဝန်ထမ်းဆောင်နေသော ကျောင်းအုပ် ဦးသိန်းဝင်း ၈/စတရ(နိုင်) ၀၀၅၇၃၃ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂ . ၁ . ၁၉၆၅ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/သပြေကုန်း)ရှိ ဦးကျော်ခိုင် (ဘ) ဦးစံတင်၊ ၉/တကန(နိုင်)၁၂၉၄၅၂ အမည်ပေါက် မြေကွက်အမှတ်(၇၈၄)၊ ဧရိယာ(၀.၀၈၂)ဧကအား အမည်ပေါက်သူ ကွယ်လွန်သွားခဲ့ပြီးဖြစ်သဖြင့် ဇနီးဖြစ်သူ ဒေါ်မိမိခင်(ဘ)ဦးငယ်လေး ၉/ပမန(နိုင်)၁၁၃၈၆၄ မှ မြေပေးမိန့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၁၁၈၆/၂၀၂၆)၊ သေဆုံးကြောင်း အထောက်အထားလက်မှတ်များ၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်ထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သက်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (ဘ) ဦးငွေးအောင်၏သား၊ ဦးဟိန်းအောင်ကို (ခ)ရွှေမျက်နှာဆရာဟိဏ်း ၇/ပတန (နိုင်)၁၁၇၁၈၅၏ အမည်ဂုဏ်သတင်းအား ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ဖြင့် ဆိုရှယ်မီဒီယာများဖြစ်သော Facebook, Viber, Messenger, TikTok, Telegram, Wechat နှင့် အခြားသော Social Media များအား အသုံးပြု၍ ဂုဏ်သိက္ခာညှိုးနွမ်းစေသော စာသားများ၊ မမှန်မကန်ရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ မှတ်ချက်ပေးခြင်းများအား ပြုလုပ်နေကြောင်း တွေ့ရှိထားပါ သည်။ ကျွန်ုပ်မိတ်ဆွေနှင့် ၎င်းမိသာစုအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အီလက်ထရောနစ် ဆက်သွယ်ရေးနည်းပညာတစ်ခုခုအပေါ်အသုံးပြု၍ ဂုဏ်သိက္ခာညှိုးနွမ်း ကျဆင်းစေရန်ဖြစ်စေ၊ ထိခိုက်နစ်နာစေသော ခြိမ်းခြောက်မှုများအား ဤကြော်ငြာထုတ်ပြန်သည့် ရက်မှစ၍ ချက်ချင်းရပ်တန့် ဖျက်သိမ်းပေးရန်နှင့် နောင်တွင် ထပ်မံမပြုလုပ်ကြရန် အလေးအနက် သတိပေးအပ်ပါသည်။ ဤသတိပေးချက်အား လျစ်လျူရှု၍ ထပ်မံကျူးလွန်ပြုလုပ်မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဟိန်းအောင်ကို(ခ)ရွှေမျက်နှာဆရာဟိဏ်း၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာယဉ် တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၄၂၃)**
**၆၃၊ မြေညီ၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၅)၊ အောင်သပြေလမ်း၊မြေကွက်အမှတ်(၁၂၈၄)ဦးမျိုးအောင်(၁၄/ကလန(နိုင်)၀၀၀၅၉၁)စာအမှတ်(၇၈)ပါမစ် မူရင်းအမည်ပေါက်ပေ(၄၀ x ၆၀)ပေမြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော(၁၀ x ၆၀)ပေရှိ မြေကွက်မှ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၎င်းသာလျှင် လက်ရှိလက်ဝယ်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချသူ ဦးဝင်းမောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းပွင့်ဝေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လို့ပါကခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွလူကိုယ်တိုင် (၇) ရက်အတွင်းကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းပွင့်ဝေ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ စဉ်(၄၈၁၇၈)**
**ဖုန်း–၀၉–၄၄၀၉၈၆၁၄၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄)၊ ခေရလမ်း၊ မြေကွက်အမှတ်(၆၄၅) ဦးခင်စိုး(၁၄/မမန(နိုင်) ၁၉၃၃၃၃) နှစ်(၆၀) ဂရန်မူရင်းအမည်ပေါက်ပေ(၄၀ x ၆၀) (၀.၀၅၅)ဧက မြေကွက်မှတရားဝင်မခွဲစိတ်ရသေးသော(၂၀ x ၆၀)ပေရှိ မြေကွက်၏ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ၎င်းသာလျှင် အမည်ပေါက်အဖြစ် လက်ရှိလက်ဝယ်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင်ရောင်းချခွင့်ရှိ ကြောင်းဝန်ခံကတိပြု၍အပြီးအပိုင်ရောင်းချသူ ဦးခင်စိုး ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်မြင့် မှအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လို့ပါကခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွလူကိုယ်တိုင် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်က ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟန်မြင့် ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B)အထက်တန်းရှေ့နေ စဉ်(၄၈၁၇၈)**
**ဖုန်း–၀၉–၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၂) ၊ကွင်း / အကွက်အမှတ် (၄၅ / မြမာလာရပ်)၊ ဦးပိုင်အမှတ်(၁၁၈–က) ၊ မြေဧရိယာ (၀.၃၈၆) ဧကရှိ မြေကွက်အား မြေငှားဂရန် (ကျန်အပိုင်း၊ အမည်ပြောင်း ၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ကြည်ကြည်ငွေး ပါ( ၄ ) ဦး ( ၉ /မမန(နိုင်)၀၂၁၆၀၈ ) မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅ ) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ ၂၀ )
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၄၃

| | | |
|---|---|---|
| ဦးစိုင်းကောင်းထက်တင့် | နှင့် | ဦးမြမောင် |
| တရားလို | | တရားပြိုင် |

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ မင်းကျောင်းလမ်း၊ အမှတ် – ၁၀/ အေ ရပ်နေ တရားပြိုင် ဦးမြမောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက “ကတိပဋိညာဉ်ပါအတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" ဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလကွယ်နေ့) မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည် တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၃) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နီလာအောင်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## မိခင်အမည်မှန်

သထုံမြို့နယ်၊ အလကသုခမ္မဝတီကျောင်း Grade–8 မှ မငုဝါကျော်၏ မိခင်အမည်မှန်မှာ ဒေါ်ဝါဝါ ၁၀/သထန(နိုင်)၂၃၅၀၆၃ ဖြစ်ပါကြောင်း။ **ဒေါ်ဝါဝါ ၁၀/သထန(နိုင်)၂၃၅၀၆၃**

## မိခင်အမည်မှန်

သထုံမြို့နယ်၊ အလကသုခမ္မဝတီကျောင်း Grade–9 မှ မောင်မင်းမြတ်သူ၏ မိခင်အမည်မှန်မှာ ဒေါ်နှင်းနုဝေ ၁၀/သထန(နိုင်) ၂၉၅၁၇၅ ဖြစ်ပါကြောင်း။ **ဒေါ်နှင်းနုဝေ ၁၀/သထန(နိုင်) ၂၉၅၁၇၅**

## မိခင်အမည်မှန်

သထုံမြို့နယ်၊ အလကသုခမ္မဝတီကျောင်း Grade–9 မှ မောင်နေလင်းထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်ခင်စန်းညွန့် ၁၀/သထန(နိုင်)၀၉၅၅၁၉ ဖြစ်ပါကြောင်း။ **ဒေါ်ခင်စန်းညွန့် ၁၀/သထန(နိုင်)၀၉၅၅၁၉**

## မိခင်အမည်မှန်

သထုံမြို့နယ်၊ အလကသုခမ္မဝတီကျောင်း Grade–9 မှ မယွန်းဝဿာန်၏ မိခင်အမည်မှန်မှာ ဒေါ်မာမာဦး ၁၀/သထန(နိုင်)၂၁၁၂၅၃ ဖြစ်ပါကြောင်း။ **ဒေါ်မာမာဦး ၁၀/သထန(နိုင်)၂၁၁၂၅၃**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမွန်ကုလား (AB 113471) အမည်ပေါက်သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ မြေကွက်အမှတ် (၃၇၁)၊ အကျယ်အဝန်းပေ (၄၀x၆၀)ရှိ နှစ် (၆၀) ဂရန်မြေအမျိုးအစား မြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသောခြေရင်းခြမ်း ပေ(၂၀x၆၀)ရှိ ဂရန်မူရင်းခြမ်းထောင့်ကွက်မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဇင်သူအောင်စိုး (၁၄/မမန(နိုင်)၁၈၈၉၉၆)နှင့် ဒေါ်ပိုးအိဖြူ (၁၂/ဗဟန(ဧည့်)၀၀၀၂၃၆)တို့က အရပ်ကတိစာချုပ်များဖြင့် လက်ရောက်ရယူ ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေး ချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးရန်ပိုင်စိုး (စဉ်–၁၁၅၉၁)** | **ဒေါ်ဝင့်စန္ဒီအောင် (စဉ်–၃၁၁၄၆)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် (၁၀၉/က)၊ မြဝတ်ရည်လမ်း၊ (၁၂၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဖုန်း–၀၉–၂၅၇၅၇၇၇၁၇၅၊ ၀၉–၇၉၅၆၈၂၉၅၄**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/9540 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၉၊ မြေကွက်အမှတ် ၂၁၆/က၊ ဧရိယာ(၀.၀၃)ဧက၊ မြေကွက်တည်နေရာ အမှတ် (၂၁၆/က)၊ မင်းလမ်း၊ (၂၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးစိုးဝင်းနိုင်(၈/ခမန(နိုင်)၀၀၆၀၉၄)၊ ဒေါ်မိုးသစ်သစ်နိုင်(၈/ခမန(နိုင်)၀၂၆၃၉၂)၊ ဦးဇော်မင်းနိုင် (၁၄/မမန(နိုင်)၁၄၅၉၉၀)၊ ဒေါ်နှင်းမြတ်မြတ်နိုင်(၁၄/မမန(နိုင်)၁၅၀၈၂၀)တို့အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်များကိုယ်တိုင်မှ "ပါမစ်ပျောက်ဆုံးကြောင်း တင်ပြလျှောက်ထားခဲ့ပြီး ယခုဂရန်သစ်ထုတ်ယူခြင်းနှင့်ပတ်သက်၍ တစ်ဦးတစ်ယောက်မှမြေကွက်၏ ပါမစ်မူရင်းတင်ပြပြီး လျှောက်ထားလာခြင်း၊ ပေါ်ပေါက်ခဲ့ပါက ယခုထုတ်ပေးသည့် ဂရန်အားပယ်ဖျက် မည်ကိုသိရှိပါသည်" ဖြင့်ဖော်ပြ၍ ခွင့်ပြုထုတ်ပေးခဲ့သည့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

သုံးဘီးမော်တော်ဆိုင်ကယ်အမှတ် 19U/8022, KAMAX 250 F(250CC)/3/W ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုမင်း ၇/အဖန(နိုင်)၀၉၈၆၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ် ၅၃ယ/၄၆၇၁၄, Honda Wave 100, MC ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်မောင် ၇/လပတ(နိုင်)၀၇၅၀၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၇-၂၀၂၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၄)ပါ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေကွက်အမှတ် (ပ-၂၃၉၂၉) ကြော်ငြာတွင် အမည်ပေါက် ဦးမိုးစိန် အစား **ဒေါ်မိုးစိန်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄၃)၊ တံတားကြီးတန်းအကွက်၊ ဦးပိုင်အမှတ်(၁၂၄-ခ)၊ ဧရိယာ(၀.၀၇၁)ဧကရှိ ဦးမြင့်သန်း၊ ဦးမြင့်ဆန်း၊ ဒေါ်သန်းသန်းဌေး၊ ဦးလှဌေး၊ ဒေါ်မာမာဝေ၊ ဒေါ်မြတ်သူ၊ ဦးနိုင်စိုး၊ ဦးခိုင်စိုးတို့၏အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ နှစ်ကျိပ်ရှစ်ဆူလမ်း၊ အမှတ်(၂၄)နေ ဦးဝင်းမင်းလတ်၊ ဒေါ်ခင်စန္ဒာဝင်းတို့မှ ဘိုးဘပိုင်မြေ အမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းအား ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက် လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ရက် (၃၀) အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထား ခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန ပုသိမ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၄၀၅၄၆ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်ထိုက် ၁၀/မလမ(နိုင်)၂၈၀၁၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့**

## အလိမ္မာ စာမှာရှိ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ ရပ်ကွက်၊ အကွက်အမှတ် ဆ-၅၊ ဦးပိုင်အမှတ် ၃၂-ခ/၆၈ x ၆၉ ကြား၊ ၁၀၈ x ၁၀၉ လမ်းကြားရှိ ဒေါ်မြရီ အမည်ပေါက်ဂရန်မြေကွက်အား ဒေါ်မြရီသည် ဒေါ်အေးအေးမြင့်အား ကိတ္တိမ မွေးစား စာချုပ်အမှတ်(၃၉/၂၀၀၉)ဖြင့် မွေးစားခဲ့ပြီး ဖခင် ဦးမြင့်အောင်၊ မိခင် ဒေါ်မြရီ၊ သားဦးထွန်းသောင်း(ခ)သာအောင်(လူပျို၁၀)တို့ကွယ်လွန်၍ ကျန်ရစ်သူ သားနှင့် မွေးစားသမီးတို့ဖြစ်ကြသော ဦးအောင်ဝင်း ၉/မရတ(နိုင်)၀၉၂၉၆၆၊ ဒေါ်အေးအေးမြင့် ၉/မနမ(နိုင်)၀၄၈၃၄၉ တို့က ဂရန်စာချုပ် သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလေးခရိုင်၊ ကလေးမြို့၊ ရပ်ကွက် (၁၀)၊ အကွက်အမှတ်နှင့်အမည် (၂၇/ဗိုလ်ကုန်းရပ်)၊ ဦးပိုင်အမှတ် (၃၂)၊ မြေကွက်အမှတ်(21/65)၊ ဧရိယာ ၀ ဒသမ ၁၈၅ ဧကရှိ မြေကွက်အား ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၇-၇-၂၀၂၄ ရက်စွဲပါ အမှုတွဲအမှတ် (၂၉၅/၂၀၂၃) အရ ဦးမျိုးဇော်ဦး အမည်ဖြင့် နှစ် (၃၀) သက်တမ်းရှိ မြေငှားဂရန် ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်၏ မြေဧရိယာ (၀ ဒသမ ၁၈၅) ဧကအနက်မှ (၀ ဒသမ ၀၈၉) ဧကအား ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၅-၂-၂၀၂၆ ရက်စွဲပါ စာအမှတ်၊ ၄/၁-၁(၀၂၇၀)/ဦး၁(အထဥ)အရ မြေကွက်ခွဲစိတ်လျှောက်ထားခွင့် ခွင့်ပြုချက်ရရှိခဲ့ပါသည်။ ထို့နောက် ယင်းမြေဧရိယာ (၀ ဒသမ ၀၈၉) ဧကအား ဦးမျိုးဇော်ဦးထံမှ ဦးအောင်သန်းဦး၊ ဒေါ်သဇင်တို့သည် ကလေးမြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ ၂၁-၄-၂၀၂၆ ရက်စွဲပါ စာချုပ်အမှတ် (၈၀/၂၀၂၆)အရ ချုပ်ဆိုဝယ်ယူခဲ့ပြီးဖြစ်သဖြင့် ဦးအောင်သန်းဦး (၁၂/ဗတထ(နိုင်)၀၁၀၃၈၇)၊ ဒေါ်သဇင် (၁၂/သကသ(နိုင်)၁၅၄၉၃၄) တို့အမည်ဖြင့် မြေငှားဂရန် (ခွဲစိတ်အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ် (၅+၆+၇တိုးချဲ့)၊ ဦးပိုင်အမှတ် (၈၇/၈၈၂)၊ ဧရိယာ (၀.၁၈၄)ဧက၊ အမှုတွဲ အမှတ် ၇၁၉-၅/၂၀၁၉-၂၀၂၀၊ ဦးကျောက်တဲ့လုံ ၁၃/လရန(နိုင်)၂၂၅၉၃၉ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ဦးကျောက်တဲ့လုံမှ စာချုပ်အမှတ် (၁၄၄၊/၂၀၂၆)ဖြင့် ဒေါ်ရှောက်လူ ၁၃/ကခန(နိုင်)၁၅၅၂၃၄ ထံသို့ ရောင်းချပေးပြီးဖြစ်၍ ဒေါ်ရှောက်လူ အမည်ဖြင့် အမည်ပြောင်းလျှောက်ထားလာရာ လျှောက်ထားမြေနှင့် ပတ်သက်၍ ပိုင်ဆိုင်မှု တစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူ မရှိပါက ဒေါ်ရှောက်လူ အမည်ဖြင့် အမည်ပြောင်း လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(အမက-၁၇ကျောင်းကွက်)၊ ဦးပိုင်အမှတ်(၁၃၂၄)၊ ဧရိယာ (၀.၀၆၈) ဧက၊ အမှုတွဲအမှတ် ၂၇၃-၅/၂၀၁၁-၂၀၁၂၊ ဦးအောင်နိုင် ၁၃/လရန (ပြု)၀၀၀၂၇၆ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အား ဦးအောင်နိုင်မှ စာချုပ်အမှတ် (၁၃၁၊/၂၀၂၆)ဖြင့် ဒေါ်အဲနန်း ၁၃/လရန(နိုင်)၀၅၃၁၂၀ ထံသို့ ရောင်းချပေးပြီးဖြစ်၍ ဒေါ်အဲနန်း အမည်ဖြင့် အမည်ပြောင်းထပ်မံ အသစ်လျှောက်ထားလာရာ လျှောက်ထားမြေနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ(၂၁)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်အဲနန်း အမည်ဖြင့် အမည်ပြောင်း လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် TLR/6298 ၏ ဖောင်းကြွနံပါတ်ပြား (၁)ချပ် ပျောက်ဆုံး ၍ လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၃၅၁၃ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော် ၉/ပဘန(နိုင်)၀၂၀၆၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၂၀၈၄၀ ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်းထွန်း ၁၀/မလမ(နိုင်)၁၂၂၈၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ ဘုန်းစိုးရပ်၊ လမ်းသွယ်(၂)နေ ဦးစိန်မင်း၏သား မောင်ဝေယံစိုး ၅/မရန(နိုင်)၂၂၉၁၉၅ သည် မိဘအုပ်ထိန်းမှုအောက်တွင်နေထိုင်သူ မဟုတ်ဘဲ အိမ်ထောင်ပြုပြီးသားဖြစ်သည့်အပြင် ဖခင်ဖြစ်သူအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စမဆို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဖခင် ဦးစိန်မင်း**
**၅/မရန(နိုင်)၀၈၄၀၀၀**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၂၈/ ညောင်ပင်သာ)၊ မြေကွက်အမှတ် (၇)၊ (ဧရိယာ ၀.၁၀၈) ဧကရှိ ဂရန်အမှုတွဲအမှတ် (၁၄၄/၁၉၉၂) ဖြင့် ဦးကျော်ထွန်းအမည်ပေါက်ပိုင်ဆိုင်သော အိမ်မြေဥပစာအား ဦးဘီယာမီ (၉/မကန(နိုင်)၀၇၂၉၀၀) သည် ဦးကျော်ထွန်းထံမှ နှစ်ဦးသဘောတူဝယ်ယူ လက်ရောက်ရရှိပြီးဖြစ်ပါသည်။ ဝယ်ယူပြီးနောက် မှတ်ပုံတင်စာချုပ်ပြုလုပ်ရန် သဘောတူထားသော်လည်း ဦးကျော်ထွန်းမှာ စုံစမ်း၍မရပါသောကြောင့် ဦးဘီယာမီ ဂရန်အမည်ပေါက်ရရှိရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဘီယာမီ**
**ဖုန်း-၀၉-၄၀၃၀၀၆၃၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

